
စိတ်ကူးချိုချိုအနုပညာ




# ပီမိုးနင်း

# ဘယ်ဝယ်မြောက်တောင်နှင့် တိုတောင်ပေါ်

စတုတ္ထအကြိမ်

mgyoe.com


ပီမိုးနင်း
ဘယ်ဝယ်ပြောက်တောင်နှင့်
တို့တောင်ပေါ်
mgyoe.com

mgyoe.com

ဘယ်ဝယ်မြောက်တောင်နှင့် တိုတောင်ပေါ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၉၁၀၂၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၃၁၀၅၀၉ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို **သာထို** ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က စတုတ္ထအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဇွန်လတွင် တန်ဖိုး ၁၂၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုမြင့်

mgyoe.com

mgyoe.com

# အခန်း (၁)

ပဲခူးရိုးမတောင်ကြီး၏အနီး လျှိုမြောင်များသောနေရာ၏ အောက်၌ ရွာငယ်လေးတစ်ခု ရှိလေ၏။ ထိုရွာငယ်လေးမှာ ကစွန်းစိမ်း၊ ဝါး၊ မြေပဲ ဝစသည်တို့ကို စိုက်ပျိုးလုပ်ကိုင် အသက်မွေးကြသောရှမ်းလူမျိုးများ ရွာကလေး ဖြစ်လေ၏။

တစ်နေ့သ၌ နေ့ရာသီညနေအချိန် ရှမ်းမကလေး မနန်းဖောသည် တောင်ပေါ်၌ ထင်းခွေရင်း စမ်းချောင်းထဲ၌ ရေချိုး၍နေလေ၏။

မနန်းဖောသည် ထိုရွာ၌ အလှဆုံးသော ရှမ်းမကလေး ဖြစ်၏။ အသားမှာ ရွှေဝါ၊ မျက်နှာမှာ လခြမ်းနှင့်တူသော နဖူးအောက်၌ ဝိုင်းဝိုင်း ကွက်ကွက်၊ မျက်လုံး၊ မျက်ခုံး၊ နှာတံမှစ၍ လွန်စွာအချိုးအစားကျလေ၏။ ပါးပေါ်၌ အကြောစိမ်းကလေးများသည် ယိုးဒယားပန်း အညွန့်အခက်၊ သပျက်နွယ်ဆင်ဆင်၊ ရွှေပေါ်မှာ မြရေးတင်သလို ပြုံးလိုက်လျှင် ပါးကလေး ချိုင့်လျက် လွန်စွာပင် ချစ်ဖွယ်ကောင်းလေ၏။

သို့ ရေချိုးနေရာတွင် ရေမှာလည်း လွန်စွာကြည်သဖြင့် အရှေ့ဘက် သစ်ကိုင်း၊ သစ်ရွက်တို့၏အကြားမှ သက်ဆင်းသောနေရာတွင် ရွှေအဆင်း ကဲ့သို့ မှတ်ထင်ရလေ၏။

mgyoe.com

mgyoe.com



ပြည့်ဝသောရင်၊ ကြော့ရှင်းသေးသွယ်သောခါး၊ ဖြူဝွားဝိုက်ကားသော တင်၊ ပြေလျှော့ပြည့်ဝ ဖြောင့်စင်းသော ပေါင်တံနှင့် ခြေလက်တို့မှာ မြင်ရသူ တစ်စုံတစ်ယောက်၏ မျက်လုံးကိုမှိတ်၍မရနိုင်အောင် အစွဲသန်လေ၏။

ထိုမျက်လုံး နှစ်လုံးသည်ကား တစ်ခုသော ချုံအကြားမှ အပြူးသားကြည့်၍နေသော မျက်လုံးတစ်လုံး ဖြစ်လေ၏။

လူတို့မှာ တစ်ယောက်ယောက်က ဂရုမစိုက်၍ မိမိအား တစ်စုံတစ်ယောက်က တစ်ခုခုကို ကြံစည်၍နေသည့်အခါ အလိုအလျောက် အာရုံကြောများမှာ လှုပ်ရှားခြင်း ဖြစ်တတ်သည့် ဓမ္မတာအတိုင်း နန်းဖော၏စိတ်မှာ မငြိမ်မသက်ဖြစ်ပြီး ချုံထူထဲသော နေရာဘက်ကို မော်၍ကြည့်လိုက်လေ၏။

သို့ကြည့်လိုက်ရာ ချုံထဲမှ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးနှင့် ရသေ့လား၊ ဇော်ဂျီလား၊ ကုလားကြီးလားမသိရ၊ ကြောက်မက်ဖွယ်သဏ္ဌာန်တစ်ခုကို မြင်ရသဖြင့် သရဲမှတ်ထင်ကာ ဦးခေါင်းမြုပ်အောင် ငုပ်လိုက်လေ၏။

လူသားစစ်စစ် ဟုတ်မည်မထင်၊ သည်တော့ သည်တောင်ထဲမှာ အဝတ်အစား လုလုပပ၊ သစ်သစ်လွင်လွင်နဲ့ အဘယ်လိုလူမှ လာမှာမဟုတ်၊ ခုတင်က ဇော်ဂျီကြီးက ငါ့အား တမင်ရှုးသွပ်အောင် နာနာရုပ်ဆောင်၍ ပြသလေသလား စသည်ဖြင့် အတွေးများသည် လျှင်မြန်စွာ ဆက်ခါဆက်ခါ စိတ်ထဲ၌ ပေါ်ပေါက်၍လာလေ၏။

ပြို၍ဆင်းပြီး နတ်သားကလေး၏ ရင်ခွင်ပေါ်ကိုသာ တအားမိလိုက်ချင်သောစိတ် ဖြစ်ပေါ်၍လာသလို မနည်းကြီး ချုပ်တည်း၍ ထားရလေ၏။

မင်းသားကလေးသည်လည်း မချင့်မရဲ အမူအရာနှင့် နန်းဖော၏ မျက်နှာကို စိုက်၍ကြည့်ကာ နှုတ်ခမ်းကို ကိုက်၍ နေလေ၏။

mgyoe.com

mgyoe.com



သို့ကြည့်၍နေခိုက်တွင် နတ်သားကလေးနှင့်တူသော သဏ္ဍာန်က တစ်စုံတစ်ရာကို လှမ်း၍မေးသလို နှုတ်ခမ်းကိုလှုပ်ပြီး ညီညာဖြူစင်သော သွားကလေးများပေါ်အောင် ပြုံးရယ်လိုက်လေ၏။

ရှမ်းမကလေးကလည်း ပြုံးစနဲ့နဲ့နှင့် အမူအရာနှင့် ဘာပြောတယ်ဟု မေးကာ ကျောက်တုံးပေါ်မှ ကုန်းပေါ်သို့ ထဘီကို ဒူးအထိဆွဲမြှောက်ကာ လှမ်း၍ တက်လိုက်လေ၏။

ရူပါရုံကို မြင်လျှင်မြင်ချင်း ပြေး၍ဖက်ချင်သလို ဖြစ်၍နေသော စိတ်နှလုံးက စေ့ဆော်သဖြင့် ထိုကဲ့သို့လှမ်း၍ တက်လိုက်ရာ လှမ်း၍တက်လိုက်မိသည်ကိုမှ အမှတ်မထားမိပေ။

ယောကျ်ားပျိုကလေးကလည်း ရှေ့သို့တိုး၍လာလေရာ တစ်ယောက်ထံ တစ်ယောက်အလာ လမ်းခုလပ်တွင် တွေ့ဆုံကြလေ၏။

နတ်သားကလေးသည် နန်းဖော၏ လက်နှစ်ဖက်စလုံးကို ကိုင်ယူကာ မျက်နှာကို စိမ်းစိမ်းကြည့်၍ ရူပါရုံအရသာကို ခံစားသလိုလုပ်၍ နေလေ၏။ ရှမ်းမကလေးမှာလည်း ၎င်း၏လက်ဖြင့် အကိုင်ခံရသည် တွင် ကျဉ်တက်သလို သိမ့်သိမ့်ခါလျက် ရင်ထဲ၌ လေမုန်တိုင်းဆင်၍ နေ လေ၏။ အားအင်ရှိသမျှ ဆွဲ၍ချလိုက်သဖြင့် ရှမ်းမကလေး၏စိတ်၌ ရူပါရုံ အဆင်း၏ ထူးခြားခြင်းတွေ့ရပုံ ကြယ်ဆန်းခြင်းသည် အကြောက်နှင့်အရှက် ကို အကုန်အစင် ပျောက်ပျက်အောင် နှင်သည့်အလား လောကကြီး တစ်ခုလုံး ကို လည်းကောင်း၊ မိန်းမတို့ ဣန္ဒြေကို လည်းကောင်း၊ မေ့လျော့၍သွားပြီး သူ၏ရင်ခွင်သို့ ရောက်ဖို့ရန်သာ အရှိန်ယူ၍နေလေ၏။ မတော်တဆ နတ်သားကလေး ပျောက်၍သွားမလား၊ ရင်ခွင်ကိုရောက်ကာမှ အစွယ်ပေါက် ကာ ဘီလူးသတက်ကြီးများ ဖြစ်၍သွားလေမလားဟူ၍သာ ကြောက်နေလေ ၏။

mgyoe.com

mgyoe.com



"ရှင်ဘာလဲ သည်တောင်ပေါ်မှာ ဘာလုပ်နေသလဲ၊ လူလား၊ နတ်လား၊ ခုံတင်က ကျွန်မမြင်ရတဲ့ အကောင်ကြီးဟာ ရှင်ပဲလား"

စသည်ဖြင့် အသက်မရှူဘဲ စိတ်အားထက်သန်စွာနှင့် မေးလေ၏။

တစ်ဖန် ဦးခေါင်းကို ဖော်လိုက်ပြန်သောအခါ ရေစပ်ကျောက်ဆောင်တစ်ခုပေါ်၌ မားမားမတ်မတ်ရပ်လျက် ခဏမျှ နန်းဖောကို ကမ္ဘာ့ဌာန်းရှုသလို ပုတီးကိုကိုင်လျက် ကြည့်ပြီးမှ နောက်သို့လှည့်ကာ ထွက်၍သွားလေ၏။

နန်းဖောမှာ အတန်ကြာစွာ စမ်းချောင်းမှ မတက်ဘဲနေလေ၏။

အတော်ကြာမှ ကျောက်ဆောင်တစ်ခုအနီးသို့ သွားပြီး ကျောက်ဆောင်ထိပ်ပေါ်၌ ပုံ၍ထားသော လုံချည်၊ အင်္ကျီများကိုယူ၍ ကြီးသောကျောက်ဆောင်အကွယ်ရှိ နိမ့်သော ကျောက်ဆောင်ထိပ်မှာ ဖြူဖြူဝင်းဝင်းကြီးထိုင်လျက် အင်္ကျီကိုအရင်စ၍ ဝတ်လေ၏။

ထို့နောက် ရေစွတ်သော ဆံပင်များကို ကျောထက်၌ဖြန့်ကာ လှမ်းနေပြီး ထဘီကို ဦးခေါင်းမှစွပ်ချရင်း ကျောက်ဆောင်ပေါ်၌ ကိုယ်ကိုဆန့်ကာ မတ်တတ်ရပ်လိုက်သောအခါ လုံချည်ဝတ်ပြီး ဖြစ်၏နေလေ၏။

တောင်မြောက်လေးပါးကို ကြည့်လိုက်သောအခါ ဝါးတစ်ရိုက်ခန့်အကွာ စိမ့်စမ်းရေပေါက် အသေးအငယ်တို့ဖြင့် စွတ်စို၍နေသော ကုန်းဖောင်းဝါးပင်များအောက်၌ရပ်ကာ ကြည့်၍နေသော အရပ် မနိမ့်မမြင့် သေးသေးသွယ်သွယ် သစ်လွင်လှပစွာ ဝတ်ဆင်လျက် အပြာပွင့်ကလေးတွေပေါက်၍ထားသော ခေါင်းပေါင်းကိုပေါင်းသည့် မင်းသားရုပ်ကလေးပမာလှပသော ယောက်ျားပျိုကလေးတစ်ယောက်ကို မြင်ရလေ၏။

နန်းဖော၏ မျက်လုံးများနှင့် ယောက်ကျ်ားပျိုကလေး၏ မျက်လုံးများသည် ငြိတွယ်ကာ မမြင်နိုင်သော လျှပ်စစ်ဓာတ်ကြိုးဖြင့် ဆိုင်းဆွဲ၍ထားသည့်အလား မတိမ်းသာမရှောင်သာ မျက်တောင်မျှမခတ်ဘဲ နေကြလေ၏။

mgyoe.com

mgyoe.com



နန်းဖောဇ၏ နှလုံးသွေးသည် တဒိန်းဒိန်းမြည်၍နေလေ၏။

ယောက်ျားပျို၏ မျက်နှာမှာ ပြုံးတော့မလိုလို၊ နှုတ်ခမ်းများမှာ တစ်စုံတစ်ရာကို ပြောတော့မလိုလို၊ လည်တိုင်ကို ရှေ့သို့ဆန့်လျက်နေသည်မှာ တစ်ခါတည်း ပြေး၍လာဖို့ရန် အားယူသလို မှတ်ထင်ရလေ၏။

နန်းဖောသည်လည်း နှလုံးသွေး ကြည်လင်ရွှင်ပျ ဆူဝေခါ တက်ကြွသဖြင့် မျက်နှာမှာနီမြန်းလျက် လှမ်း၍ ဖွက်ဟာခွန်းဆိုချင် မလိုလို ပြုံးချိုချိုမျက်နှာ ဖြစ်၍ လာလေ၏။

လူသူပြတ်လပ် ဆိတ်ငြိမ်ဆိတ်ကွယ်ရာဌ၌ ထိုမျှလောက် ချောမောလှသော ယောက်ျားပျိုကလေးကို တစ်ကိုယ်တည်း တွေ့မြင်ရသည်မှာ အဘယ်နှနယ် ပျိုရွယ်သော စိတ်နှလုံးသည် မရွှင်မပြုံးဘဲ နေနိုင်ပါမည်နည်း။

လူလား၊ နတ်လား၊ နာနာဘာဝ ဖုတ်ပြိတ္တာ၊ တစ္ဆေလား။ ခုတင်က မြင်ရသော သရဲကြီးပင် ရုပ်အသွင် တစ်မျိုးဆောင်၍ ပြလေသလား၊ လှပါပေသည်။ အထက်ထက်က အခုလို အကြိမ်ကြိမ် ထင်းခွေလာခဲ့ရာမှာ အခုလို တစ်ကြိမ်တစ်ခါမျှ မတွေ့ရ၊ ချစ်စရာကောင်းလှတဲ့ ဒီအသွင်ကို ငါဘယ်အတွက် အခု မြင်ရပါလိမ့်မလဲ။

"ဘာမှ မဟုတ်ပါဘူး လူပါပဲ"

"ရှင် လူဖြစ်ရင် လူထဲမှာနေပါလား၊ ကျွန်မ လူလို့မထင်ဘူး"

"လူပါ ကိုင်စမ်းကြည့်ပါ။ အရိုးနဲ့ အသားနဲ့ အမွေးကလေးတွေနဲ့ သေသေချာချာကြည့် ဟောဒီမှာ ဆေးနီတွေတောင် ရှိပါသေးတယ်"

ဟု ပြောကာ အင်္ကျီကိုလှန်၍ ရင်ဘတ်ကိုပြလေ၏။

နန်းဖောသည် လည်းကောင်း၏ ကိုယ်လက်အင်္ဂါတို့ကို ကိုင်စမ်း၍

"မင်းကော ဘာလဲ၊ လူဘဲလား"

"ကျွန်မလည်း လူပေါ့ရှင့်"

mgyoe.com

mgyoe.com


"ဒီလိုဖြင့် စမ်းကြည့်မယ်နော်၊ မှန်းစမ်း အေးလို့၊ နေပါဦး အသာကလေးပါ မနာရပါဘူး ဖြည်းဖြည်းကိုင်ပါ့မယ်"

"အမယ် အကြောကြီးနဲ့ တစ္ဆေများလည်း ကြောချင်တဲ့စိတ်ရှိပါသလား"

"ဘယ်က တစ္ဆေလဲ၊ တစ္ဆေ ဒီလိုပြောသလား၊ တစ္ဆေမဟုတ်ဘူး လူအစစ်ပါဗျာ၊ မယုံသေးဘူးလား"

"ကျွန်မ ဘယ်လိုပြောပြော မယုံဘူး၊ ရှင် လူနဲ့မတူဘူး"

"ဘာဖြစ်လို့ လူနဲ့မတူတာလဲ"

"လူ့ထက်လှလို့"

"လူပါဗျ၊ မယုံရင် နမ်းကြည့်ပါ လူစော်နံပါတယ်၊ ရော့"ဟုပြောကာ ပါးကိုပေးလေ၏။

"တော်ပါ၊ အင်မတန်ပါးတဲ့ နာနာဘာဝ၊ မှန်မှန်ပြောစမ်းပါ၊ ဘာဖြစ်လို့ အခုလို တောင်ပေါ်မှာ ဝတ်ဆင်နေသလဲ၊ လူဖြစ်ရင် ဒီလိုမနေဘူး"

"အို မမေးပါနဲ့၊ မင်းလည်း လူမဟုတ်ဘူးလို့ ငါထင်တာပဲ လူဟာ မင်းလိုမလှဘူး၊ မှန်းစမ်း လူစော်နံသလားလို့ နမ်းကြည့်ရအောင်"ဟု ပြောကာ ပွေ့ယူ၍ ပါးရော၊ မျက်နှာရော၊ လည်ပင်းရော၊ ပခုံးရော၊ ရင်ဘတ်ရော၊ ဦးခေါင်းရော အကုန်နမ်းရှုပ်ပြီး "မွှေးတယ်၊ လူနံ့မဟုတ်ဘူး"

"ဘာနံ့ထင်သလဲ"

"ခရေပန်းနံ့လည်းပါတယ်၊ စံကားဝါနံ့လည်း ပါတယ်၊ သနပ်ခါးနံ့လည်းပါတယ်၊ လူနံ့တော့ မဟုတ်ဘူး၊ သူရသတိဒေဝီနံ့ ထင်တာပဲ"

"အဟုတ်ပဲ ထင်သလား"

"အမှန်ပဲ ထင်တယ်၊ မင်းကော ဒီလိုပဲထင်သလား"

"ကျွန်မကတော့ အမှန်ထင်တာပဲ၊ ရှင် လူမဟုတ်ဘူး၊ ဥစ္စာစောင့်

mgyoe.com

mgyoe.com



လား၊ ဘာလားပဲ၊ ကျွန်မနေ့တိုင်း ထင်းခွေလာတယ်၊ အခုမှ တွေ့ရတယ်”

“ငါတော့ မင်းကို အရင်လွှန်ခဲ့တဲ့ ဆယ့်လေးငါးရက်လောက်က စပြီး မြင်နေတာပဲ၊ မြင်ကတည်းက တိုက်ထဲမှာမနေနိုင်ဘူး၊ မင်းဆီကိုချည့် စိတ်ရောက်နေတယ်၊ နေ့တိုင်းလာနော်”

“ကျွန်မ နေ့တိုင်းလာတာပဲ၊ ရှင်ဘယ်ကနေပြီး မြင်ရသလဲ”

“ဒီလိုပေါ့ တောထဲမှာ ချောင်းကြည့်စရာ နေရာတွေ အများကြီးရှိတာပဲ”

“ဒီလိုဖြင့် ရှင့်ဥစ္စာစောင့် နာနာဘာဝပေါ့”

“မင်းဘယ်သူ့ကိုမှ မပြောနဲ့နော်၊ ပြောရင် တွေ့ရတော့မှာ မဟုတ်ဘူး၊ မင်းမှာ မိဘရှိသလား”

“ရှင်... နာနာဘာဝပဲ မသိဘူးလား”

“နာနာဘာဝပေမယ့် သွားကြည့်မှသိတာ သွားမှမကြည့်ရသေးပဲ”

“ကျွန်မ ပထွေးနဲ့ နေရတယ်။ ကျွန်မ အမေက သူ့ကို သိပ်ကြောက်ရတယ်၊ တစ်ရွာလုံး ကြောက်ရတာပဲ၊ ကျွန်မကို တစ်မျိုးတစ်မည် ကြံနေတယ်၊ ကျွန်မက သဘောမတူလို့ နှိပ်စက်တယ်၊ အရမ်းခိုင်းတာပဲ၊ ကျွန်မက ဒီအတွက် အိမ်မှာမနေဘူး၊ တောင်ပေါ်တက်ပြီး ထင်းခွေတယ်၊ ပန်းခူးတယ်၊ ရှင် ကျွန်မကို နာနာဘာဝတန်ခိုးနဲ့ မကယ်နိုင်ဘူးလား ...”

“သူက ကံကောင်းနေရင် အခက်သားပဲ၊ ငါတို့ နာနာဘာဝဆိုတာ ကံနိမ့်တဲ့လူကိုမှ နိုင်တာ”

“သူ့ကို နိုင်ဖို့မဟုတ်ပါဘူး၊ ကျွန်မကို ကြည့်ရှုစောင့်မဖို့ ပြောတာပါ...”

“နာနာဘာဝအကြောင်းကို မင်း နားမှမလည်ဘဲကိုးကွဲ့၊ စည်းကမ်းရှိတယ်၊ ပိုင်ဆိုင်တဲ့ အထက်က တန်ခိုးကြီးတဲ့ နတ်များလည်း ရှိသေးတယ်၊

mgyoe.com

mgyoe.com



မင်းမှာလည်း မင်းဆိုင်တာရှိတော့ အခါတိုင်း အခွင့်မသာဘူး၊ အခုလို တွေ့ရတာပေမဲ့ သတိနဲ့ တွေ့ရတာ ငါတို့မှာ စည်းကမ်းပျက်ရင် ဒဏ်ခံရတယ်၊ ဒီနာနာဘာဝ ဥပဒေစည်းကမ်းအကြောင်းကို မနန်း နားမလည်လို့ ပြောတာ၊ နားလည်အောင်လည်း လုပ်လို့မဖြစ်ဘူး၊ မနန်းဖောတို့လို မနုဿ လူမှာ မျက်စိ၊ နား၊ ကိုယ်လက်၊ နှာခေါင်း၊ နှုတ်ပါးစပ်သိသလောက်သာ သိနိုင်တဲ့စိတ် ဒါပဲရှိတာပဲ၊ နာနာဘာဝများ သိမြင်တဲ့နည်းမျိုး မရှိတော့ ပြောလို့လည်း နားလည်မှာမဟုတ်ဘူး၊ မွေးကတည်းက မျက်စိ မမြင်သူတစ်ယောက်လို အပြူးဆိုတာ ဘယ်လိုရယ်လို့ ဘယ်လိုပင် ပြောပြစေကာမူ သိမှာမဟုတ်ဘူး ...”

“ရှင့်တိုက် ... ဘယ်မှာလဲ”

“အခါတိုင်း မပြနိုင်ဘူး၊ ဒါထက် နာနာဘာဝ ဥစ္စာစောင့်ဆိုတာ တစ္ဆေတစ်မျိုးပဲ၊ မနန်း မကြောက်ဘူးလား ...”

“အခုလို လှလှပပကလေးဆိုရင် မကြောက်ပါဘူး၊ တစ်မျိုးလုပ်ပြလိုက်မှာသာ ကြောက်တာပဲ တစ်မျိုးတစ်မည်များ လုပ်မပြလိုက်ပါနဲ့ရှင် ...”

ဟု ပြောကာ အိတ်ထဲမှ ငွေငါးကျပ်ကို ထုတ်၍ပေးလေ၏။

“ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ မောင်သွားဦးမယ် နက်ဖြန်ခါလာဦးနော်...”

ဟုပြောကာ နန်းဖော၏ ခါးကိုဖက်၍ထားသော လက်ကို လွှတ်လိုက်လေ၏။

နန်းဖောက “ကျွန်မ ငွေကိုမလိုချင်ပါဘူး၊ ချမ်းသာလို့တော့ မဟုတ်ပါဘူး၊ ကျွန်မ ပထွေးက ရွာတွေကိုလှည့်ပြီး ကြက်တိုက်၊ ဖဲရိုက်၊ အနီထောင်ထိုး ဒီအလုပ်ပဲရှိတာပဲ။ သူရတာနဲ့ သူဖြုန်းတာနဲ့ မကာမိပါဘူး၊ ကျွန်မတို့

mgyoe.com

mgyoe.com



သားအမိက လုပ်ကျွေးနေတာလိုပါပဲ...”

“ဒီလိုဖြင့် မပူနဲ့ ယူသွား၊ သူများမသိစေနဲ့ အဖေ အမေတောင် မပြောနဲ့...” ဟုပြောလေ၏။

နန်းဖောက... “မပြောပါဘူး”ဟု အာမခံပြီး... “ရှင့်တိုက်ကို ကျွန်မ မကြည့်ရဘူးလား”ဟု မေးလေ၏။

“ကြည့်ရပါတယ်...”

ဟုပြောပြီး နန်းဖောကို ခေါ်ရသွားလေ၏။

သို့သွားရာ ဂူတစ်ခု၏ အဝသို့ရောက်သဖြင့် အတွင်းကို ကြည့်လိုက်ရာ စောင်ကြားကြီးကို ခြုံလျက် တစောင်းအိပ်၍နေသော သဏ္ဍာန်တစ်ခုကို တွေ့ရလေ၏။ ၎င်းသဏ္ဍာန်ကို စိုက်ကာကြည့်၍နေခိုက်မှာ စောင်စမှာ လေတိုက်သဖြင့် မုတ်ဆိတ်မွေးများနှင့် မျက်နှာတစ်ခြမ်းပေါ်၍လာလေ၏။

နန်းဖောသည် ထိုသဏ္ဍာန်ကို အတန်ငယ်ကြာစွာ ဆက်၍ကြည့်နေပြီး လှမ်း၍ကြည့်လိုက်ရာ ယောက်ျားပျို ပျောက်ကွယ်၍ သွားသလိုတွေ့ရလေ၏။

ထိုအခါ ထိတ်လန့်လျက် တောင်မြောက်လေးပါးကြည့်ပြီး ထွက်၍ ပြေးလေ၏။

□

mgyoe.com

mgyoe.com

## အခန်း (၂)

ထိုညဉ့်၌ မနန်းဖောမှာ အိပ်၍မပျော် စိတ်သည် တောင်ပေါ်ကိုသာ ရောက်၍နေလေ၏။

အိပ်၍မပျော်သဖြင့် အိမ်ပေါ်မှ အောက်ကိုဆင်း၊ အိမ်ရှေ့ ကန့်စွန်းခင်း၌ရပ်ကာ တိမ်ကြားမှ ပြူး၍နေသော လခြမ်းကလေးကို မော်၍ကြည့်မိလေရာ လကလေးမှာ သနားဖွယ်ရာ ညှိုးငယ်သော အသွင်ရှိလျက် ၎င်းညှိုးငယ်သော အရှိန်သည် ရင်ဝကိုလာ၍ ထိမိသဖြင့် ရင်ထဲမှာ ဆို့၍သွားလေ၏။

လောကဓာတ် တောတောင်တစ်ခွင် တစ်ပြင်မှာ ရိပ်ငြိမ်သော လရောင်အောက်တွင် နာနာဘာဝ ဒေသတိုင်းပြည်ကြီး၏ အသွင်ကို ဆောင်လေ၏။

နန်းဖော၏မျက်လုံးထဲမှ တောင်ပေါ်၌တွေ့ခဲ့ရသော သဏ္ဌာန်သည် မပျောက်မပျက် အမြဲထင်မြင်၍ နေရလေ၏။

တောင်ပေါ်ကို မျှော်၍ကြည့်လေ၏။ တောင်ပေါ်၌ နတ်သားကလေး မိမိအား လက်ယပ်၍ ခေါ်သည်များကို မြင်ရလေမလား...

mgyoe.com

mgyoe.com



သို့တည်းမဟုတ် မိမိအပါးမှ မခွာဘဲ ပူးကပ်ကာလိုက်ပါ၍ နေလေသလား စသည်ဖြင့် တွေးတောလေ၏။ သို့ တွေးသောအခိုက်တွင် လေအေးကလေးတိုက်လိုက်ရာ ကျောထက်တွင် စိမ့်ခနဲဖြစ်၍သွားကာ ကြက်သီးများထ၍ လာလေ၏။

အဘယ်ဘဝက အကြောင်းရေစက်ပါခဲ့၍ ယခုလို ထူးထူးဆန်းဆန်း တွေ့ရပါလိမ့်မလဲ၊ ငါ့ကို ခေါ်မလို့ပေလား၊ ငါ၏ လိပ်ပြာကိုနုတ်ပြီး ဥစ္စာရွှေငွေတွေ ဝင်းဝင်းထိန်သော တိုက်နန်းကြီး၌ ငါနှင့်အတူ စံစားဖို့များ စိတ်ကူးလေသလား စသည်ဖြင့် စဉ်းစားကာ သေရမှာကို သော်မှမကြောက် လိပ်ပြာကို နုတ်ယူပြီးနောက် သူနဲ့ တွေ့ရလျှင် လောကကြီးတစ်ခုလုံးမှာ အဘယ်စည်းစိမ်မျှ မတူသော စည်းစိမ်ကို ခံစားကာ တောတောင်၌ ထင်သလိုပျော်ပါး၍ နေရမည်ကို ထင်မြင်လေ၏။

ထိုညဉ့်မှာ ပထွေးဖြစ်သူကစားရာမှ မပြန်လာ အိမ်ပေါ်၌ မိမိတစ်ယောက်တည်း ရှိလေ၏။

ညတာ လွန်စွာရှည်သည်ဟု အောက်မေ့လေ၏။ သို့ဖြစ်လေရာ မျက်လုံးကိုမှိတ်၍ အတင်းပျော်အောင် အိပ်မှသာ မြန်မြန်မိုးလင်းမည်။ မြန်မြန်မိုးလင်းမှ သူနဲ့တွေ့ရမည်။ ငါအိမ်မှာနေဖို့မလို ငါ့မှာ စားသုံးစရာငွေလည်းရသည်။ စားစရာ သောက်စရာဝယ်ခြမ်းပြီး တောင်ပေါ်သို့ သွား၍ ပျော်ပျော်ကြီးနေမည်။ သေချင်သေ ကျေချင်ကျေ ဖြစ်လိုရာ ဖြစ်စေတော့ သေလျှင်သာ၍ပင် ပျော်စရာကောင်းဦးမည်ဟု တွေးတောကာ အိမ်ပေါ်သို့ တက်ပြီး အိပ်ပျော်၍သွားလေ၏။

မိခင်ဖြစ်သူမှာ ပိုက်ဆံတစ်ပြား တစ်ချပ်မျှ မရှိသဖြင့် နန်းဖောသည် မိခင်အား ငွေနှစ်ကျပ် ထုတ်ပေးလေရာ မိခင်မှာ များစွာအံ့သြလျက် “ဘယ်ကရသလဲ သမီးရယ်...”ဟု မေးလေ၏။

mgyoe.com

mgyoe.com



"ပေးတာကိုသာ ယူပါအမေ အရှည်သဖြင့် ချမ်းသာချင်ရင် မမေးပါနဲ့၊ အမေ့ ယောကျ်ားကြီးကိုလည်း မပြောပါနဲ့ ရရင်ပြီးရော မဟုတ်လား၊ ကျွန်မပေးတဲ့အခါကို ယူပါ၊ မေးရင် အမေရမှာမဟုတ်ဘူး..."

ဟုပြောပြီး ထမင်း ဟင်းချက်ပြုတ်ပေးပြီးနောက်...

"ကျွန်မ တောင်ပေါ်ကို ထင်းခွေသွားဦးမယ်..."

ဟုပြောပြီး ထွက်၍သွားလေ၏။

ကောက်ညှင်းကျည်တောက်များ ဖုတ်၍ရောင်းသော အိမ်တစ်အိမ်မှ ကောက်ညှင်းကျည်တောက်နှင့် ငါးကြော်များကိုဝယ်ပြီး တောင်ပေါ်ကိုတက်၍သွားလေ၏။ မောရမှန်းကိုမျှ မသိပေ။

တွေ့မှ တွေ့ပါဦးမလား၊ အမေ့ကို ငွေပေးသည့်အတွက် ငါ့ကို စိတ်ဆိုးပြီး မပြဘဲနေလေမလား စသည်ဖြင့်တွေးကာ မတွေ့မှာကိုသာ ပူပင်လျက် တက်၍သွားလေ၏။

စ၍တွေ့သော စမ်းချောင်းသို့ရောက်လာသောအခါ အသင့်စောင့်၍နေသော ယောကျ်ားကို တွေ့ရလေ၏။ မနေ့ကကဲ့သို့ လှပစွာ ဝတ်ဆင်လျက်ရှိလေ၏။

နန်းဖောဏ်စိတ်၌ မနေ့ကထက်ပင် သာ၍လှသည်ဟု မှတ်ထင်လေ၏။

ယောကျ်ားပျိုသည် နန်းဖောကို မြင်လျှင်မြင်ချင်း လက်နှစ်ဖက်ကို ဆန့်လေ၏။ နန်းဖောမှာ အတိုင်းမသိ အားရလျက် ၎င်း၏ရင်ခွင်ထဲသို့ ရောက်သွားလေ၏။

ယောကျ်ားပျိုက ၎င်း၏မျက်နှာကို သေသေချာချာကြည့်ပြီး လက်ညှိုးထောင်ကာ...

"ဘယ်သူ့ကို ငွေပေးသလဲ မှန်မှန်ပြော..."

mgyoe.com

mgyoe.com



ဟုမေးလေ၏။

"စိတ်ဆိုးသလား..."

"ဘယ့်နှယ့်ပြောပေးသလဲ..."

နန်းဖောသည် မိခင်အား ပြော၍ပေးပုံကို ပြန်ပြောလေ၏။

"ဒီလိုတော့ ကိစ္စမရှိပါဘူး၊ သို့ပေမဲ့ တဖြည်းဖြည်း သိချင်စိတ်ပေါ်မှ သူ့ယောက်ျားသိရင် သာပြီးစိုးရိမ်ရတယ်၊ ဒါမျိုးဆိုတာ အဖျက်အဆီးပေါ်တတ်တာမျိုး၊ တစ်နေ့နေ့မှာတော့ သူတို့လိုက်ပြီး စုံစမ်းကြလိမ့်မယ်..."

"လိုက်ပြီးစုံစမ်းရင် ငွေရမှာမဟုတ်ဘူးလို့ ကျွန်မ ပြောထားမယ်..."

"မစုံစမ်းဘဲနေရင် တော်ပါရဲ့ နေမယ်မထင်ဘူး..."

"ရှင်... ကမ္ဘဇိဒ္ဓိတန်ခိုးနဲ့ သူတို့ မနှောင့်ယှက်နိုင်အောင် မလုပ်နိုင်ဘူးလား..."

"နတ်များ၊ တစ္ဆေများ လုပ်ချင်တိုင်းလည်း မလုပ်နိုင်ဘူး၊သူတို့လည်း လူလိုပဲ သွားချင်ရာကိုတောင် ခါတိုင်းမသွားရဘူး ကိုယ်ကို ပြချင်တိုင်းတောင် မပြနိုင်ဘူး"

"ရှင့်နာမည် ဘယ့်နှယ့်ခေါ်သလဲ"

"မောင်မင်းဒင်... လို့ ခေါ်တယ်၊ အရင်ဘဝက နာမည်ပဲ"

"ရှင် ဥစ္စာစောင့်ဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"ဆယ်နှစ်လောက်ကြာပြီ၊ ငါ့အောက်အရပ် သံတပွတ်ချောင်းမှာ တံငါသားအဖ ရေနစ်သေတယ်၊ သေပြီးနောက် အဖေကိုတော့ မတွေ့ရဘူး၊ ကျုပ်မှာတော့ ဒီမှာ ဥစ္စာများကိုလာပြီး စောင့်နေရတယ်၊ လူ့ဘဝမရောက်မီက ပဲခူးနယ်မှာ စောင့်ခဲ့ရတဲ့ ပစ္စည်းတွေလား၊ ဘာပြုလို့ မေးသေးသလဲ၊ ကိုမင်းဒင်ကိုချစ်ရင် တောင်မေးမြောက်မေး မမေးပါနဲ့ မေးအားကြီးရင် တွေ့ရမှာ မဟုတ်ဘူး"

mgyoe.com

mgyoe.com



"မကြိုက်ရင် မမေးပါဘူးရှင်၊ တစ်ခုတော့ မေးပါရစေဦး၊ ရှင် ဘယ်လောက်ကြာကြာ စောင့်ရမှာလဲ"

"ဘုရားပွင့်သည့်တိုင်အောင် စောင့်ရမှာပေါ့၊ ဒီအတွင်းမှာ အခွင့်ရရင်လည်း လူ့ပြည်ကို အလည်အပတ်ဆိုသလို သွားလျှင် သွားရပါတယ်။ အခုတော့ နှမနဲ့ တွေ့နေရပြီ သွားဖို့မလိုပါဘူး"

"ကျွန်မ အိုရင်ကော..."

"အိုရင် သာပြီးကောင်းတာပေါ့၊ သေရင်သာပြီး နီးနီးကပ်ကပ် မကွဲမကွာ ပေါင်းကြရမှာကိုး..."

"ကျွန်မ ကိုမင်းဒင်နဲ့ တကယ်ပေါင်းရမယ်ဆိုရင် သေရမှာတောင် မကြောက်ပါဘူး၊ နာနာဘာဝ တိုင်းပြည်ကျတော့ ကိုမင်းဒင် အခုလိုလှပါဦးမလား၊ တချို့က ဥစ္စာစောင့်ဆိုတာ ပြိတ္တာချည်းပေါ့လို့ ပြောကြတယ်"

"တစ္ဆေ သရဲမှန်ရင် ပြိတ္တာချည်းပေါ့၊ လှအောင်လုပ်နေရင် လှတာပေါ့၊ ဘာသာဘာဝ လှကြတာပဲ၊ အခု လူ့ပြည်မှာ လူတွေဟာ တစ်ယောက် တစ်ယောက် လှတယ်လို့ ထင်နေကြတာထက် မဆိုးပါဘူး။ လူတွေဟာ စင်စစ်တော့ မလှပါဘူး၊ နံ့နံ့စော်စော် ပုပ်ပုပ်ဟောင်ဟောင်တွေပဲ၊ လူ ဟာ နံတယ်"

"ကျွန်မ နံသလား..."

"နံတာပေါ့ နို့ပေမဲ့ လိပ်ပြာကလှတယ်၊ လိပ်ပြာလှတဲ့အပြင် နှမမှာ တခြားမိန်းမတွေလို မနံဘူး၊ ပါရမီထူးတယ်၊ ရှေးက ရေစက်ပါလို့ တွေ့ရတာလည်း မှန်တယ်"

"နှမကို ကိုမင်းဒင် တကယ်ချစ်သလား"

"တကယ်ချစ်လို့ အပင်ပန်းခံပြီး ဒီခန္ဓာကိုယ်ဝန်လေးကြီးကို ထမ်းပြီး ပြရတာပေါ့၊ အမယ်လေး ခုတောင် မောလိုက်တာ..."

mgyoe.com

mgyoe.com



ဟုပြောကာ လဲတော့မလို ဖြစ်လေ၏။

နန်းဖောကို ပွေ့ယူကာ ထိုင်လိုက်လေ၏။ မကြာမီ တစ်ယောက်ပခုံးပေါ်၌ တစ်ယောက်ဦးခေါင်းကိုတင်ကာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့် လျက် အချစ်တည်းဟူသော ဆီအိုးတွင် ပင်လယ်ရေမြှုပ်ပမာ တစိမ့်စိမ့် ရှမ်းဝေ ပီတိသောမနသသဆိုက်၍ နေကြလေ၏။

"အလကား ပြောတာပါ မမောပါဘူး နှမ ကိုမင်းဒင်နဲ့ အခုလို တွေ့ရတာ ပျော်တယ်မဟုတ်လား"

"လူ့ဘဝမှာ အခုလို တစ်ခါမှ မပျော်ဖူးခဲ့သေးဘူး"ဟု ပြောလေ၏။

ထို့နောက် နှစ်ယောက်သား နှစ်ကိုယ့်တစ်ကိုယ် ဖြစ်လျှက် ခွဲခွာ၍မရနိုင်အောင် အချစ်ပိုင်နက် နယ်အတွင်း အပြင်းအထန် မငြင်းမဆန်ဘဲ မိမိတို့ ကိုယ်ကိုသဘောတူ သွတ်သွင်း၍ နေကြတော့သတည်း။

❒

mgyoe.com

mgyoe.com

# အခန်း (၃)

ထိုနေ့မှစ၍ နန်းဖောသည် မိုးမမြင်၊ လေမမြင် အချစ်ဟူသော ကောင်းကင် ပြင့်ဝယ် ဥချိုးငှက်ပမာ ၎င်း၏ စိတ်နှလုံးသည် မြူးပျော် ပျံသန်း၍ နေလေ၏။

ကိုယ်မှာကား ငြိမ်သက်လျက် စိတ်မှာ တောင်ထိပ်ပေါ်၌ ဝဲပျံလျက် နေလေ၏။

စားရမှန်းမသိ၊ အိပ်ရမှန်းမသိ၊ တောင်ပေါ်ကို နတ်ပြည်ကဲ့သို့ အောက်မေ့၏။ ရွာသို့ရောက်သည့်အခါ ငရဲလို မှတ်ထင်လေ၏။ အခါများစွာ ကိုမင်းဒင်ကဲ ချော့မော့ နားချတောင်းပန်၍လွှတ်မှ တောင်ပေါ်မှ ဆင်းလေ၏။

မိခင့်ကိုလည်း နေ့စဉ်၊ ငွေနှစ်ကျပ်၊ သုံးကျပ်ပေးလေ၏။

မိခင်မှာကား သမီးအတွက် စိတ်ပူစပြုလေ၏။ အကြောင်းမူကား ၎င်း၏ ငြိမ်သက်သော အမူအရာသည် လိပ်ပြာလွင့်၍နေသော အမူအရာလို ဖြစ်သဖြင့် မကြာမကြာ ကပ်ကာမေးလေ၏။

နန်းဖောတစ်ခုခုဖြစ်ပြီ၊ တစ်ခုခုနှင့်တွေ့ပြီး တောင်ပေါ်ကိုချည့်

mgyoe.com

mgyoe.com



သွားသည်မှာ မရှိးဘူး၊ ကေန် ဒိဋ္ဌ ဥစ္စာစောင့်များနှင့် တွေ့လေသလား။ တွေ့ရ တစ်နေ့နေ့မှာ.လိပ်ပြာကို နုတ်ယူလိမ့်မည် စသည်ဖြင့် တွေးတောပူပင်သဖြင့်...

"သံမိးရယ်... ဒီငွေကို မက်မနေပါနဲ့၊ သမီး ဥစ္စာစောင့်နဲ့ တွေ့နေတယ်လို့ အမေထင်တာပဲ၊ အမေတို့ ဒါမျိုးကို ကြားဖူးတယ်၊ သေတတ်တာမျိုး... " စသဖြင့် ပြောဆို နားချလေ၏။

သို့ပင် မိခင်ဖြစ်သူက နားချသော်လည်းမရ၊ စကားမျှပြန်၍မပြောမိုးလင်းလျှင် တောင်ပေါ်ကိုသာ သွားလေ၏။

ပထွေးဖြစ်သူမှာ ထိုအခါ၌ ဖဲရှုံးရက်ကြုံသဖြင့် အိမ်မှာများစွာမနေ၊ နန်းဖောကို သတိမထားဘဲ နေလေ၏။

ထိုပြင် နန်းဖော မင်းဒင်နှင့်တွေ့သောအခါ ပထွေးဖြစ်သူနှင့် အကြီးအကျယ် ခိုက်ရန်ဖြစ်ပြီးစအခါ ဖြစ်သဖြင့် တစ်ယောက်ကိုတစ်ယောက် မခေါ် မပြောဘဲ နေခဲ့ရာ၊ ထိုအခါမှစ၍ ယခုသို့တိုင်အောင် စကားမပြောဘဲ နေကြလေ၏။ ပထွေး၏ စိတ်၌ကား မကျေမချမ်း ငါထင်သလို အရွဲ့တိုက်၍နေလျှင် ဒင်းတို့မနေနိုင်၊ ငါ့အလိုကို ပါမှာပဲဟူသော စိတ်ထားနှင့် ထင်သလို သွားလာကျင့်ကြံ၍ နေလေ၏။

အဖေ နောက်မိန်းမယူသည့်အခါ သားသည် ရန်သူမဖြစ်တတ်သော်လည်း အမေ နောက်ယောက်ျားယူသည့်အခါ သမီးသည် ရန်သူဖြစ်တတ်သည်ကား သမီးချောလျှင် စ၍ကြောက်ရသည့် ဓမ္မတာဖြစ်လေသည်။

တစ်နေ့သ၌ အနီထောင်နိုင်သဖြင့် ငွေသုံးရာလောက်ပါ၍ ကစော်ကလေးကလည်း အားပေးသဖြင့် စိတ်လက်သာယာ ပျော်ရွှင်လျက် အိပ်တန်းမှ ကြက်မကြီးတစ်ကောင်ကိုဆွဲကာ ကိုယ်တိုင် သားအမိနှစ်ယောက်အား ချက်ကျွေးရင်း ပါ၍လာသော ကစော်ပုလင်းနှင့် စားသောက်ရင်း လွန်စွာ

mgyoe.com

mgyoe.com



သဘောကောင်းသော အမူအရာနှင့် စကားပြောလေ၏။

ၐင်း၏ စိတ်၌ကား နန်းဖောကို အကြမ်းနှင့်မရလျှင် အနုနှင့် တဖြည်းဖြည်းရအောင် ကြံစည်ခြင်း ဖြစ်လေ၏။

ထိုညဉ့် မိခင်ဖြစ်သူ မနန်းပုံမှာ သမီးအတွက် များစွာစိတ်ပူသောညဉ့်ဖြစ်သဖြင့် တစ်ကြောင်း၊ ယောက်ျားဖြစ်သူ ကိုလူမောင်မှာ စိတ်လက်ကြည်သာ ပျော်ရွှင်စွာ နေသောအခါဖြစ်သောကြောင့် တစ်ကြောင်း၊ စားသောက်ပြီးကြ၍ ညဉ့်အိပ်ရာအဝင်မှာ နန်းဖောအကြောင်း ကိုလူမောင်အား ပြော၍ပြလေ၏။ အကြောင်းမူကား ငွေကလေး နှစ်ကျပ်သုံးကျပ် နေ့စဉ်သုံးရသည်မှာ သမီးအတွက် ပူပင်ကြောင့်ကြ ဖြစ်ရခြင်းနှင့်အမျှ၊ မရလျှင်ရှိစေတော့၊ အထက်ထက်က နေ့စဉ် နှစ်ကျပ်သုံးကျပ် မဆိုထားပါဘိ၊ တစ်မူး တစ်မတ်နှင့် သားအမိနှစ်ယောက်မှာ စားမကုန်၊ ပျော်ပျော်ကြီးနေခဲ့ကြရလေ၏။ ယခုမှာမူကား နှစ်ကျပ်၊ သုံးကျပ်အတွက် ပူပင်ရခြင်းမှာ လမသာ၊ နေမထွက်၊ လောကကြီးတစ်ခုလုံးမှာ နံနက်ချိန်၊ နေ့ချိန်မရှိ၊ မိုးအတိချုပ်ကာ မှောင်ကျ၍နေသည်နှင့် တူလေ၏။

(ဤအကြောင်းကို ထောက်သဖြင့် ငွေသည် အခါခပ်သိမ်း သုခချမ်းသာခြင်းကို မဖြစ်စေနိုင်ကြောင်း သိနိုင်လေသည်။)

မယားပြောသော စကားများကို လူမောင် ကြားရသောအခါ လူမောင်၏စိတ်၌ ပထမပေါ်လာသော အချက်သည်ကား... မိမိ၏အစွဲသန်သောစိတ်နှင့် ဖီလာဆန့်ကျင်ပြင်ပြင် ရန်သူဖြစ်သောအချက် ဖြစ်လေ၏။

ဧကန် ငါ့မှာ ရန်သူပေါ်လာပြီ၊ နန်းဖောသည် ချောမောလှပ၏။ ဧကန်ဒိဋ္ဌပေးနိုင်၊ ကမ်းနိုင်တဲ့ မင်းစိုးအရာရှိကလေးတွေနဲ့တွေ့လို့ တစ်မျိုးတစ်မည် ဖြစ်နေတာပဲ၊ တောင်ပေါ်မှာ ဥစ္စာစောင့်တွေ့တယ်ဆိုတာ တကယ်မဖြစ်နိုင်၊ ဒဏ္ဍာရီသာရှိမည်။ ဧကန်ဒိဋ္ဌ တစ်နေ့က ငါမြင်ရတဲ့ ရဲသားကလေး

mgyoe.com

mgyoe.com



တွေထဲက တစ်ယောက်ယောက်နဲ့ ဖြစ်တာပဲဟု တွေးလေ၏။

ထိုအခါ၌ ဝရမ်းပြေးများ ထိုအရပ်၌ ခိုအောင်းသည်ဟု ကြားရသဖြင့် စုံစမ်းရန်လာကြသော ရာဇဝတ်ဘက်သား ကာကီကွတ်နှင့် ရဲဝင်း ပုဆိုးဝတ်သူများကို လူမောင်သည် ၃–၄ကြိမ် မြင်မိလေ၏။

လူမောင်မှာ လူလည်ဖြစ်ရာ မင်းမြှောင်စိုးကပ် အလုပ်မျိုးကိုလည်း လုပ်ခဲ့ဖူးသဖြင့် တောရပ်ရွာငယ်များ၌ မင်းပို့ မင်းလွှင်ကလေးများ အဘယ်ပုံပြုကျင့်တတ်သည့် အကြောင်းများကို သိလေ၏။

သို့ဖြစ်လေရာ နန်းဖောမှာ ၎င်းအရာရှိကလေးများနှင့် မသင်္ကာဖြစ်လျက်နေလေ၏။ သို့ မသင်္ကာဖြစ်သောအခါ မိမိကိုယ်တိုင် အသည်းအသန် မှတ်သိပ်ဆာလောင်၍ နေခိုက်မှာ မိမိ၏ပွဲရုံကို တစ်ပါးသူစား၍ကုန်ရာ၌ မချိမဆန့် မသက်မသာဖြစ်တတ်သည့် ဓမ္မတာအတိုင်း များစွာပင်စိတ်၌ မခံချိမခံသာ ဖြစ်၍လာလေ၏။

မိုးလင်းသောအခါ လူမောင်သည် နန်းဖော၏ အမူအရာအသွင်အပြင်ကို အမှတ်မဲ့ သေချာစွာကြည့်ရှု ဆင်ခြင်ကြည့်လေ၏။

သို့ကြည့်ရှုဆင်ခြင်ရာ အထက်ထက်ကနှင့်မတူ ငေးမောတွေးတော၍နေပုံ ထူးခြားခြင်း၊ မျက်နှာမှာ ပါးလုပ်ဖြူဖျော့ခြင်း၊ တင်ပဆုံသားရှိရင်းအသားပုံများမှာ အားကုန်၍သွားဟန် ရှိခြင်းစသည့် ပြောင်းလဲခြင်း အထွေထွေတို့ကို တွေ့မြင်ရလေ၏။

ထိုအခါ မသင်္ကာသောစိတ်မှာ သာလွန်ခိုင်လုံ၍ လာလေ၏။

ဧကန်တွေ့ရပြီ၊ ငါ့ထက်ဦးသူရှိပြီ၊ ပုလိပ်အရာရှိ ရဲသားကလေးတွေအထဲက တစ်ယောက်ယောက်ပဲ၊ အဘယ်ရဲသားကလေးများလဲ ရဲသားကလေးဖြစ်လျှင် ရာထူးကြီးမည် မဟုတ်သဖြင့် နေ့စဉ် ငွေကြေးပေးနိုင်မည့်လက္ခဏာမရှိ၊ ရာထူးကြီးတဲ့ ရဲသားကြီးမို့သာ ရက်ရက်ရောရော နှစ်ကျပ်၊

mgyoe.com

mgyoe.com


သုံးကျပ်သောငွေကို ပေးနိုင်တာပဲ... စသည်ဖြင့် တွေးတောလေ၏။

ဂုင်းပုလိပ်များမှာ ထိုအခါသမယ၌ ထိုနယ်သို့ နန်းဖောနှင့် မင်းဒင် မတွေ့မီကပင် အခါခါ အခေါက်ခေါက် ရောက်ခဲ့ကြလေ၏။ တစ်ခါရောက် လျှင် လေးငါးခြောက်ရက်နေကြလေ၏။ ယခု နောက်ဆုံးအခါမှာ အတော် ကြာသဖြင့် ရွာသူကြီး၏အိမ်၌ တည်းခိုလျက် ရှိသေးသည်ကို သိရသော ကြောင့် လူမောင် သွားရောက်ကြည့်လေရာ မျက်စိစွေစွေ စောင်းစောင်း မကောင်းဆိုးဝါးနှင့်တူသော အသက်သုံးဆယ်ကျော် လေးဆယ်နီးနီး ညို ပုတ်ပုတ် ညစ်ထပ်ထပ် မုန့်စိမ်းပေါင်းသဏ္ဌာန်ရှိသော ရဲသား ပွပွကြီးတစ် ယောက်နှင့် ရဲသားအငယ်စား၊ အလတ်စား သနားကမားကလေး သုံးလေး ယောက်ကို တွေ့ရလေရာ ထင်မြင်ချက် တစ်မျိုးပြောင်း၍ သွား လေ၏။

အကြောင်းမူကား ဤပွယောင်းယောင်း လေဖောင်းရေဖောင်းသည့် ဝက်ကောင်ကြီးနှင့်ဖြစ်လျှင် ဤလောက် အစွဲသန်ကာ နန်းဖောမှာ ငေးမော တွေးတော၍ နေဖို့မရှိ၊ ရဲသားအလတ်စား သနားကမားအကောင် တစ်ယောက်ယောက် ဖြစ်ချိမ့်မည်ဟု သဘောရလေ၏။

လူမောင်မှာ လူဆိုးတစ်ယောက်ဖြစ်၍ အရပ်ရပ်နှံ့စပ်သူ ဖြစ်လေ၏။ လူဆိုးဆိုသည်မှာလည်း အတွေးအခေါ် အကြံအသိ အတော်တန်ရှိရသော အလုပ်ဖြစ်ရာ၊ အတွေးအခေါ် အကြံဉာဏ်နည်းသူ မဟုတ်ပေ။ သို့ဖြစ်လေရာ ဥစ္စာစောင့်နှင့်တွေ့၍ ငွေရသည့် ဖုတ်ပြိတ္တာ နာနာဘာဝနှင့် တိတ်တိတ်ပုန်း သွားခြင်းကြောင့် တင်ပါးကျသည်ဟူသော အယူမျိုး၌ အယုံတရားရှိသူ မဟုတ်ပေ။ သို့ဖြစ်လေရာ နန်းပုံ၏ ထင်မြင်စွဲမှတ်ချက်ဖြစ်သော ဥစ္စာ စောင့်ဝါဒကို အစကနဦးကပင် စွန့်ပယ်ပြီး ဖြစ်လေ၏။

သို့ဖြစ်လေရာ သနားကမား ရဲသားကလေး အဘယ်ပုံနေထိုင်သည်၊ မည်သူနှင့် တွဲသည်။ အဘယ်ကို သွားသည်ဟူသော အကြောင်းများကို

mgyoe.com

mgyoe.com



တိတ်တဆိတ် စုံစမ်းလေ၏။

ရွာသူရွာသားများသည်ကား နန်းဖော၏ အဖြစ်အပျက်ကို မသိကြရသေးပေ။ နန်းဖောတောင်ပေါ်သို့ နေ့စဉ်တက်ကြောင်းကို သိသူမြင်သူများရှိကြသော်လည်း ရိုးရိုးသားသား ထင်းချိုးသွားသည်ဟူ၍ မှတ်ထင်ကြလေ၏။ သို့အတွက် မိခင်နှင့် ပထွေးမှာ သမီးအကြောင်းနှင့် ပတ်သက်၍ မည်သူ့ကိုမျှ စုံစမ်းခြင်းမပြုနိုင်။ စုံစမ်းခြင်းကိုလည်း အတိအလင်းမပြုဝံ့၊ မိမိတို့၏ ဉာဏ်စွမ်းရှိသမျှကိုသာ အသုံးပြုဖို့ရှိလေ၏။

လူမောင်သည်ကား ပုလိပ်သားကလေးများနှင့် ပတ်သက်၍ တစ်စုံတစ်ရာမျှ စုံစမ်းမရသောအခါ နန်းဖောကို အကျပ်အတည်းထားဖို့ရန် အပျောက်မခံဘဲ နေကြလေ၏။

နန်းဖောမှာ မိခင်အား ငွေများပေးမိသည့်အတွက် ဤကဲ့သို့ ဖြစ်ရသည်ဟု စဉ်းစားကာ ငါမပေးခဲ့လျှင် အတော်လေးသားဟု အောက်မေ့လေ၏။

ပထွေးဖြစ်သူကလည်း အဘယ်ကိုမှ မသွားဘဲ သုံးလေးရက်ကြာစွာ အိမ်မှာသာ နေလေ၏။

မိခင်ကလည်း မျက်စိအောက်မှ အပျောက်မခံ၊ နောက်ဖေးနောက်ဖီကို သွားရာ၌ပင် အမြဲမပြတ်ကပ်၍ လိုက်၏။ နန်းဖောမှာ အကျဉ်းခံရသူကဲ့သို့ ဖြစ်၍နေလေ၏။

❐

mgyoe.com

mgyoe.com

# အခန်း (၄)

နန်းဖောမှာ ဥစ္စာစောင့် မောင်မင်းဒင် လိပ်ပြာနုတ်၍ မသေရ၊ မိခင်နှင့် ပထွေးထံ အကျဉ်းခံရသည်အတွက် ညိုးကျုံ့ကာ ပန်းကလေးကြွေသလို ကြွေရလိမ့်မည်ဟု မိမိကိုယ်ကို မှတ်ထင်လေ၏။

အကျပ်အတည်း လုပ်ထားကြတာကို သိလျက်နှင့် ကိုမင်းဒင် မကပ်ဘဲနေမလား မသိသဖြင့် တမျှော်မျှော်များ နေရှာလေမလား၊ သူ့မှာ ကမ္ဘာဇိဒ္ဓိ တန်ခိုးရှိတာမို့ မသိဘဲနေမှာမဟုတ် သိမှာပဲ။ လာချင်ရင် လာမှာပဲ။ ကိုမင်းဒင်ရဲ့ ကျွန်မကို မကယ်နိုင်တော့ဘူးလား။ မကယ်ရင် ရေဝေးတဲ့ ငါးပမာ အမှန်ပင် သေရပါလိမ့်မယ်။ သေစေချင်လို့များ ကြည့်နေသလား၊ သေစေချင်လို့ တမင်ကြည့်နေရင် သေရမှာ ဝန်မလေးပါဘူး ကိုမင်းဒင်ရဲ့ သေလျှင်သေချင်း ကိုမင်းဒင်ဆီကို မရောက်မှာသာ စိုးလှပါတယ်။ တောင်ပေါ်ကိုမျှော်ကာ တောက်တီးပြောဆို၍ နေလေ၏။

မိခင်မှာ သမီး၏ ဖြစ်ပျက်ပုံကိုကြည့်ကာ မျက်ရည်နှင့် မျက်ခွက် ဖြစ်၍နေလေ၏။ ပထွေးမှာမူကား ကြိမ်မောင်းစပြုလေ၏။

mgyoe.com

mgyoe.com



အကြောင်းမူကား မိမိသွားချင်သော လမ်းများကို မသွားရဘဲနေလေ၏။

မိခင်ဖြစ်သူမှာ သမီးအတွက် ပူပင်သော်လည်း စိုက်ပျိုးခြင်းအလုပ်ကို မရပ်နိုင်။ ခြံထဲ၌ တစ်ကိုယ်တည်းလုပ်ရ၏။ အထက်ထက်က သမီးကလေးနှင့် အတူတကွလုပ်ရာ ယခုမှာ သောကမီးသင့်၍နေသော သမီးကို မခိုင်းရက်ဘဲ တစ်ကိုယ်တည်းလုပ်ရှာလေ၏။

လူမောင်မှာ နန်းဖောအတွက် မိမိမှာ အနီထောင် အလုပ်ပျက်သဖြင့် အိပ်ရာမှမထဘဲ နေလေ၏။

တစ်နေ့သ၌ အိမ်နောက်ဖေး တင်းကုတ်မှာ မိခင်ဖြစ်သူသည် သမီးကို ချော့မော့ မေးမြန်း၍နေလေ၏။

ထိုအခိုက် လူမောင်ထ၍ လာပြီး...

"နင်တို့ သားအမိ အင်မတန်ရှုပ်တယ်၊ အခု ငါအလုပ်ပျက်တာ နှစ်ရက်သုံးရက်ရှိပြီ၊ အခုလို ကြာကြာမစောင့်နိုင်ဘူး၊ ပြော ဘယ်လိုဖြစ်တာလဲ မှန်မှန်ပြော..."ဟု နွားရိုက်သော ကြိမ်လုံးနှင့်ရွယ်ကာ မေးလေ၏။

"ပြောလိုက်ပါ သမီး၊ ဘာပြုလို့ လူကြီးမိဘကို စိတ်ညစ်အောင် လုပ်ရတာတုံး သမီးရယ်၊ သမီး ဒီလောက်တောင် ငွေကိုမက်သလား၊ အရင်ကလည်း အမေတို့ အင်တင်တင် အမွတ်မွတ်နေရတာ မဟုတ်ပါဘူး။ သူများနဲ့ တူနေလာခဲ့တာပဲ။ သမီး ဘယ်သူနဲ့ ဘယ်လိုဖြစ်သလဲ ပြောပါ သမီးရယ်"

"ကျွန်မ ဘယ်သူနဲ့မှ မဖြစ်ဘူး၊ အမေတို့ ပူစရာလည်း ဘာမျှမရှိပါဘူး"

ထိုကဲ့သို့ပြောခိုက် ပထွေးဖြစ်သူက

"နင် တယ်ကြိုဟ်မွေတဲ့ ကောင်မပြော၊ နင် ဘယ်လူနဲ့ ကြိုက်သလဲ၊

mgyoe.com

mgyoe.com



မပြောဘူးလား မပြောရင် အသေလုပ်မယ်..."

စသည်ဖြင့် ပြောဆိုရေရွတ်ရင်း ဆံပင်ကိုဆွဲကာ ကြိမ်လုံးနှင့် ကျောကို ချလေ၏။

မိခင်ဖြစ်သူက...

"မလုပ်ပါနဲ့ မလုပ်ပါနဲ့ ရှင်နဲ့မဆိုင်ဘူး၊ ကျုပ်သမီးကို လက်ဖျားနဲ့ မထိပါနဲ့ ကျုပ်သမီးကို ကျုပ်မေးမယ်၊ ဆုံးမစရာရှိရင် ဆုံးမမယ်..."

ဟုပြောကာ ကြိမ်လုံးကို လုလေ၏။

လူမောင်သည် သားအမိ နှစ်ယောက်စလုံးကိုရိုက်ပြီး ကြိမ်လုံးကို လွှတ်ပစ်ကာ စိတ်ဆိုးမာန်ဆိုးနှင့် ထွက်၍သွားလေ၏။

မနန်းပုံလည်း မျက်ရည်များကို သုတ်လျက်...

"ခွေးမ... နင်... အင်မတန်ဂြိုဟ်မွှေတယ်၊ နင့်ဘာသာ သေလို့မက ဘာဖြစ်ဖြစ်..."

ဟုပြောပြီး အိမ်ပေါ်သို့ ပြန်တက်ကာ အိပ်ရာထဲကိုဝင်၍ ငိုလျက်နေလေ၏။

အချစ်သည် လောက၌ တန်ခိုးအကြီးဆုံးသော မိုတာဓာတ်စက်နှင့်တူ၏။ ထိုအချစ်တည်းဟူသော မီးနှင့်တွေ့သည့်အခါ နှလုံးတည်းဟူသော အင်ဂျင်စက်သည် ငြိမ်သက်စွာမနေနိုင် အပြင်းအထန်ခုတ်ရလေ၏။

သို့ဖြစ်လေရာ နန်းဖောဇ၏ စိတ်နှလုံးသည် တောင်ပေါ်သို့ ခုတ်၍တက်လေ၏။

ထိုအချစ်သည် မိဘကိုစွန့်သော အချစ်မျိုးဖြစ်၏။ အချစ်သည် အကန်းနှင့်တူ၏။ ဘေးအန္တရာယ်ကို မမြင်၊ ထိုအချစ်ကြောင့် မိဘကိုစွန့်၍ ဝေးရာသို့ သွားကြရ၏။

နန်းဖောမှာ ထိုကဲ့သို့သော အကန်းဘဝသို့ အချစ်ကြောင့်ရောက်၍နေ

mgyoe.com

mgyoe.com



လေ၏။ အကျိုးအပြစ်ကိုမသိ မမြင် မဆင်မခြင်၊ မင်းဒင်သာခေါ်လျှင် သေမင်းနိုင်ငံကိုပင် လိုက်ဖို့ရန် အသင့်ရှိနေလေ၏။

သို့ဖြစ်လေရာ မိခင်အလစ်မှာ တောင်ပေါ်သို့ အလျင်အမြန်ရောက်၍ သွားလေရာ မင်းဒင်၏ ရင်ခွင်သို့ တိုက်ရိုက်ရောက်၍သွားပြီး၊ ကလေးပမာ မင်းဒင်၏ လည်ပင်းကိုဖက်ကာ ရှိုက်ငင်လျက် ငိုလေ၏။

မင်းဒင်သည် နန်းဖော၏မျက်နှာကို သေချာစွာ ကြည့်လေ၏။ မင်းဒင်ကိုယ်တိုင်မှာလည်း အခါတိုင်းလို လှလှပပ ဝတ်ဆင်လျက်မနေ ရှမ်းဘောင်းဘီနှင့် ရှေးအခါက ဂျာစီခေါ် အတွင်းခံအင်္ကျီကို ဝတ်လျက် ဆံနှောက်တွဲ ကပိုကရို အပူသည်တစ်မျိုးလို ဖြစ်၍နေလေ၏။

"ကိုမင်းဒင် ခါတိုင်းနဲ့ မတူပါလား"

"မင်း မပေါ်လာလို့ အခုလိုဖြစ်ရတာပေါ့၊ မနန်းကော ဘာဖြစ်လာ သလဲ"

"ကိုမင်းဒင် မသိဘူးလား"

"သိလို့ စိတ်ပူတာလား၊ တစ်နေ့တော့ ပေါ်ကုန်တော့မယ်ထင်တယ်"

"မပေါ်ရပါဘူး၊ သူတို့ ဘယ်လိုနှိပ်စက်ပြီး မေးပစေ ကျွန်မ မပြော ပါဘူး"ဟု ပြောကာ မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျ၍ လာလေ၏။

မင်းဒင်သည် မနန်းကိုပွေ့ပိုက်ကာ...

"ဘာဖြစ်လို့ ငိုရသလဲ နန်းရယ်၊ မင်းဒီလိုငိုရင် ဒီမှာဘယ်လိုဖြစ်မှန်း မသိဘူး၊ သူတို့ မနန်းကို နှိပ်စက်တယ် မဟုတ်လား"

မနန်းသည် မိမိအား ပထွေးဖြစ်သူ ရိုက်လိုက်ကြောင်း ပြောလေ၏။

"ဟုတ်တယ် သိတယ်၊ သိလို့ ဒီမှာ မချိမဆံ့ ဖြစ်နေရတာပေါ့၊ ပြစမ်းပါဦး"ဟု ပြောရာ၊ မနန်းသည် အင်္ကျီကိုချွတ်၍ ပြလေ၏။ ကျောဒွိ ကြိမ်ရာ အစင်းကြီးတွေ မှည့်၍နေသည်ကို မြင်ရလေ၏။

mgyoe.com

mgyoe.com



နှစ်ယောက်သား စမ်းရေထဲကိုဆင်း၍ ကစားကြရာ၌လည်း နန်း၏ တင်ပါးများ၌ ဖူး၍နေသော မိုးကြိုးရွှေဝါရောင် အစင်းများ ကိုမင်းဒင်မြင် ရသဖြင့် လက်နှင့်ပွတ်သပ်ကာ ကလေးကို ယုယလျက် အနာအကျင်ပျောက် အောင် စိတ်ဖြင့်ကုသလေ၏။

နန်းဖောမှာ မင်းဒင်နှင့်တွေ့သောအခါ ရိုက်နှက်ခြင်း၊ ခြိမ်းခြောက်ခံရ ခြင်း၊ အကျပ်အတည်း နေရခြင်းများအကြောင်းကို မေ့လျော့လေ၏။ နောင် ဘယ်ပုံဖြစ်မည်ဟူသော အကြောင်းများကိုလည်း မတွေးမတော၊ ယခု တစ်ခဏအတွေ့မှာ လွတ်လပ်စွာ အပျော်ကြီးပျော်လျက် တစ်ခဏနိဗ္ဗာန်ကို ရောက်ရသလို ဖြစ်လေ၏။

သို့နေခဲ့ရာ၊ နေသည် လွန်စွာအကျမြန်သည်ဟု နန်းဖော၏စိတ်၌ မှတ်ထင်လေ၏။

ထိုခဏမှ စမ်းရေထဲ၌ နှစ်ယောက်သား လူးလာခတ်၍ ကစားကြရာ နေသည် အနောက်ဘက် ကောင်းကင်အစွန်းကိုရောက်၍ သွားသလို မြင်ကြရလေ၏။

ထိုအခါ နန်းဖောမှာ ပြန်ရတော့မည် ဖြစ်သဖြင့် စိတ်ထဲမှာ များစွာ လေးလံလေ၏။

မင်းဒင်ကလည်း ပြန်ဖို့ပြောလေ၏။

သုံးရက်မလာသည့်အတွက်ပါ ငွေ ၁၅ ကျပ်နှင့် ၅ ကျပ်ပေါင်း ၂ဝ ကို နန်းဖော၏ လက်ထဲသို့ထည့်ပြီး...

"ကိုင်း သွားမှ တော်မယ်ထင်တယ် နန်းရယ်၊ မသွားရင် ရှာကြ၊ ဖွေကြလိမ့်မယ်၊ ရှာရင် ဒီတောင်ပေါ်ကို ရောက်ကြမှာပဲ၊ ရောက်ရင် အနှောင့်အယှက်ဖြစ်မှာပဲ ဖြစ်ရင် ဘယ်လို ဖြစ်မယ်မပြောတတ်ဘူး"

"မောင်တို့လူမျိုး ဒီလိုအရာမှာ ဘယ်လိုဖြစ်မယ်ဆိုတာတောင် ကြို

mgyoe.com

mgyoe.com



ပြီး မသိနိုင်ဘူးလား"

"သိနိုင်တာလည်း ရှိတယ်၊ တချို့လည်း မသိနိုင်ဘူး"

"မောင်တော့ အခုတလော်မှာ အများကြီး စိတ်လေးတာပဲ"

"နှမ ဒီကိုလာတာကို တစ်ယောက်ယောက် သိသလား"

"ဘယ်သူ့မှ မသိဘူးထင်တာပဲ"

"ဒီလိုဖြင့် ပြန်ဦးမှ တော်မယ်ထင်တယ် နှမရယ် တခြားလမ်းက သွားတာပေါ့၊ မောင်ကိုယ်တိုင် လိုက်ပို့လိုက်မယ်"

"မောင်က ပြန်ဆိုရင်လည်း ပြန်ရမှာပဲ၊ နှမတော့ မပြန်ချင်ဘူး..." ဟု မျက်ရည်လည်လည်နှင့် ပြောလေ၏။

"ပြန်ရင် အခု ခဏပဲကွဲမယ်၊ နောက်တွေ့နိုင်တာပါပဲ"

"နှမ မပြန်ဘဲနေရင် မောင်ပြေးရမှာ စိုးရတယ်"

"လူများ နှောင့်ယှက်ရင် နှောင့်ယှက်သူများနဲ့ ပတ်သက်တဲ့ ဘိလူး၊ ကုမ္ဘဏ်၊ နတ်ပြိတ္တာတို့ကလည်း ပါဝင်ကြတာပဲ ဒီတော့ မောင်ဒီမှာ ကြာကြာနေရမှာ မဟုတ်ဘူး"

"နှမကို သူတို့ရိုက်နှက်ပြီးမေးရင် ဘယ့်နှယ်လုပ်မလဲ"

"မပြောဘူး၊ ရိုက်လို့သေသေ"

"မောင့်အတွက်တော့ အသေမခံပါနဲ့၊ သေအောင်လည်း ရိုက်မှာ မဟုတ်ပါဘူး၊ ရိုက်ရင် ထွက်ပြေးတာပေါ့"

"ဘာဖြစ်လို့လဲ သေရင် မောင့်ဆီကိုရောက်ပြီး ဥစ္စာစောင့် ဖြစ်မှာ စိုးလို့လား"

"ရောက်ရင်တော့ ကောင်းတာပေါ့နှမရယ် သေခါနီးမှာ မောင့်ကိုမြင်ရင်တော့ ရောက်ချင်ရောက်မှာပေါ့။ တခြား ထင်မြင်ရင် ဘယ့်နှယ်လုပ်မလဲ၊ နှမကိုယ်ထဲကထွက်တဲ့ အသက်ဝိညာဉ် လိပ်ပြာကို မောင်က စောင့်ပြီး

mgyoe.com

mgyoe.com



ဖမ်းနိုင်တာမှ မဟုတ်တာ၊ မောင်မဖမ်းမီ နှမကဆိုင်ရာမှာ ပဋိသန္ဓေတည်ပြီး ဖြစ်နေမှာ၊ ဥပပါတ် ပဋိသန္ဓေဆိုတာက သာပြီးလွယ်တာမျိုး၊ သုသာန်မှာ သဘက်ကြီးတစ်ကောင်နဲ့ စုလျားပတ်နေရင် မောင်နဲ့ တွေ့နိုင်ပါဦးမလား၊ ဒီအတွက် မသေပါနဲ့ဦး၊ မောင်ကိုယ်တိုင် နှမရဲ့လိပ်ပြာကို အချိန်တော်လို့ နုတ်ယူနိုင်မှ မောင့်ဆီရောက်မှာမို့ အခုတောအတွင်းမှာ နှမ ဘဝမကူးချင်သေးဘူး"

သို့ စကားပြောနေရင်း နေမင်းသည် အနောက်ဘက်သို့ သက်ဆင်းလျက် ရွှေလင်ပန်းကြီးပမာ တိမ်တောင်တိမ်ညွှန့်များရှိရာသို့ ရွှေ့ရောင်လွှတ်လျက်နှုတ်ဆက်စကား ပြောနေသည်သို့ရှိ၏။

နှစ်ယောက်သားမှာ တစ်ယောက်၏ခါး တစ်ယောက်ဖက်တွဲလျက် ထိုနေမင်းကြီးအား ရှုမျှော်ရင်း အကြံယူနေသည့်အလား စကားမပြောဘဲ ရှိနေကြ၏။

ထို့နောက် အခြား တောင်ကြားလမ်းတစ်ခုဖြင့် နှစ်ယောက်အတူ အောက်သို့ ဆင်းကြသောအခါ နေလုံးကွယ်ပျောက်လျက် ကျဉ်းမြောင်းသော လမ်းတစ်ဖက်တစ်ချက်မှာ ပေါက်နေသည့် ထူထပ်သော ချုံများ၊ ဝါးပင်များကြောင့် စောက်လျက် ကွေ့ကောက်သောလမ်း၊ မညီညာသော ကျောက်ဆစ်များအား မနည်းကြီး သတိထား၍ ကြည့်ရှုကာ ဆင်းကြရ၏။

တောင်ခုလတ်သို့ ရောက်သောအခါ လမ်းမှာကျယ်၍ အတော်ရှင်းသဖြင့်...

"နှမ ဘာမှမကြောက်နဲ့ မောင် ဒီနေရာက ကြည့်နေမယ်၊ တစ်ခုခု ဖြစ်ရင် မောင်ချက်ချင်း ရောက်လာနိုင်ပါတယ်၊ ရဲရဲသာသွားပေတော့နော်..."ဟု ပြောဆိုလေသည်။

ထို့နောက် နှစ်ယောက်သားမှာ မခွဲနိုင် မခွာရက်ဖြစ်၍နေလေ၏။

mgyoe.com

mgyoe.com



နှစ်ယောက်စလုံး၏ စိတ်ဥ္စကား များစွာလေးလံခြင်း ဖြစ်လေ၏။ အခါတိုင်းနှင့်မတူ ၎င်းတို့၏စိတ်မှာ လေမုန်တိုင်းကျခါနီး၌ မိုးကောင်းကင်မှာ ထစ်ခနဲအုံ့မှိုင်းငြိုငြင် မရွှင်မသာသည့် လက္ခဏာရှိသကဲ့သို့ ဖြစ်၍နေ၏။

နောက်ဆုံး တစ်ယောက်၏ရင်ခွင်မှတစ်ယောက် အသည်းအသန်ခွဲထွက်ကြရလေ၏။

နန်းဖောသည် နောက်သို့ပြန်၍ မကြည့်ဘဲ ဖြစ်၍နေလေ၏။

မင်းဒင်သည် နန်းဖောကွယ်ပျောက်သည့်တိုင်အောင် ကြည့်နေပြီးမှ တောင်ပေါ်သို့ပြန်၍ တက်ပြေးရှာလေတော့သတည်း။

❒

mgyoe.com

mgyoe.com

## အခန်း (၅)

နန်းဖောသည် အိမ်နောက်ဖေး ခြံခေါင်းရင်းမှာကပ်၍ အိမ်အတွင်း အခြေအနေကို ကြည့်၏။

သို့ကြည့်ရာ ရေနံဆီမီးတိုင်ကို တုတ်နှင့်ထိုးဆွရင်း အိမ်ရှေ့ခန်းမှာ ထိုင်၍နေသော မိခင်ကို မြင်ရလေ၏။

ပထွေးကိုကား မမြင်ရချေ။

သို့ဖြစ်ရာ၊ စိတ်ချလက်ချ ခြံရင်း၌ ငွေကလေးနှစ်ဆယ်ကို မြှုပ်မည့် အကြံနှင့် ထိုင်ပြီး မြေကြီးကို လက်နှင့်ယက်လေ၏။

ထိုအခိုက် အိမ်နောက်ဖေးလမ်းမကြီးမှ အိမ်သို့ပြန်လာသော ပထွေးက မြင်သဖြင့်…

"ဒါ ဘာလုပ်တာလဲဟင် မှန်းစမ်း"ဟု ပြောပြီးလျှင် နန်းဖော၏ကိုယ် တွင် ရှာဖွေရာ၊ ငွေစများကို မြင်ရသဖြင့် "ဘယ်ကရသလဲ"ဟု မေးလေ၏။

နန်းဖောသည် စကားပြန်မပြောဘဲ ခြံစည်းရိုးအနီးမှာ ဖင်ချ၍ထိုင် လျက် ခြံစည်းရိုးကို ကျောနှင့်မှီပြီး မျက်ရည်တွေ လည်နေ၏။

မကြာမီ မိခင်ရောက်၍လာပြီး ဆူပူရေရွတ်လေ၏။

mgyoe.com

mgyoe.com



"ညည်း တစ်နေ့လုံး ဘယ်ကိုသွားပြီး ဒီငွေကိုရှာလာတာလဲ ဟင်… တစ်နေ့လုံး လူကြီးများမှာဖြင့် ပူလို့၊ ကြည့်စမ်း အခုလည်းပဲ ပထွေးလုပ်သူများ လိုက်ရှာလိုက်ရတာ ကောက်ရိုးပုံတကာ ကောက်ရိုးပုံနံ့ ကုန်ပြီ"

"ညည်း အခု ဘယ်လိုဖြစ်တာလဲ မှန်မှန်ပြောအေ့"

"ညည်း ဘယ်သူနဲ့ဖြစ်သလဲ"

"ငါတို့ကို တစ်နေ့ အရှက်ကွဲအောင်လုပ်ဖို့ ဦးအောင်ကြံနေတာလား" စသည်ဖြင့် ရိုက်မောင်း ပုတ်မောင်းနှင့် မေးလေ၏။

ပြောပါများ မယား စကားအောင်ဆိုသည့် စကားရှိသည့်အတိုင်း မိန်းမများမှာလည်း ပြောဖန်များက လင်ယောကျ်ား၏ စကားအောင်မြင်မြဲဖြစ်ရာ မနန်းပုံ၏စိတ်၌ ဥစ္စာစောင့်ကို မယုံမကြည် တစ်ယောက်ယောက်နဲ့ တိတ်တဆိတ် ဖြစ်ပျက်သည်ဟု ယုံကြည်စပြုလေ၏။

နန်းဖောကို ဘယ်နည်းနှင့်မှ ပေါင်းမည်မဟုတ်၊ တစ်နေ့သ၌ မည်သူ မည်ဝါဟူ၍ စွဲနိုင်မည်မဟုတ်ဟု တွေးမိလေ၏။

သို့ဖြစ်လေရာ များစွာ စိုးရိမ်စပြုလေ၏။ ဥစ္စာစောင့်နှင့် ဖြစ်ချေက ဆရာကောင်း သမားကောင်းနှင့် ကုသကာကွယ်လျှင် ဖြစ်နိုင်ဖို့ ရှိ၏။ ပုလိပ်နှင့် ဖြစ်ချေက ထိုကဲ့သို့ ကွယ်ကာ၍ရမည် မဟုတ်သည့်ပြင် ဥစ္စာစောင့်ထက် ကြောက်မက်ဖွယ်ကောင်းသော အရာသည်ကား ကလေးရမှာကို စိုးရိမ်ရခြင်း ဖြစ်လေ၏။ ယခုဖြစ်ပုံမှာ မည်သူ မည်ဝါဟု မသိရ၊ လွန်စွာ လှို့ဝှက်သဖြင့် ကလေးပင်ရစေကာမူ မည်သူထံ ကလေးစရိတ်တောင်းရမည်မှာ အခက်ကြုံဖို့ ရှိလေ၏။ သို့ဖြစ်သောကြောင့် သမီးကို ချော့ချည် ခြောက်ချည် မေးလေ၏။

နန်းဖောသည်ကား ခေါင်းမာသူအလား မပြောဘဲနေလေ၏။

"နင့်ကို ဘယ်လင်ကပေးသလဲ၊ ဒီငွေတွေဟာ မှန်မှန်ပြော၊ ပြောရင်

mgyoe.com

mgyoe.com



ဘာမှမလုပ်ဘူး၊ နင့်ကို လင်ပေးစားမယ်” စသည်ဖြင့် ပြောလေ၏။

နန်းဖောသည် ငြိမ်သက်လျက်သာ နေလေ၏။

ပထွေးမှာကား မစားရသည့်အမဲ သူတစ်ပါးခဲသဖြင့် မနည်းကြီးဖြစ်၍ နေလေ၏။ မိမိမွေးသောကြက်ကို သူတစ်ပါး ခိုးစားရလေခြင်းဟု အောက်မေ့ကာ အသည်းမှာ မနည်းကြီးနာ၍ နေလေ၏။ အမိုက်မကလေး တကယ်ဆိုရင် ငါက ပထွေး၊ လူသူလေးပါး မသိအောင်လုပ်ပါ့မလား၊ ရက်စက်စိမ်းကားမယ့် သူစိမ်းပြင်ပြင်နဲ့ ကိန်းတင်လိုက်တာ တက်တက်စင်မှားတာပဲ၊ ငါကတော့ အပျိုဖော်ကလေး ဝင်ကတည်းက အရိပ်တကြည့်ကြည့်နဲ့ နေလာခဲ့လိုက်တာ။ အရွယ်လည်းရောက် မြီးကောင်လည်းပေါက်ကရော၊ ဘယ်ဇယ် ဘယ်ပုလိပ်သားနဲ့ ကျိတ်ပြီးကစားသလဲ မသိပါဘူး၊ လူ့ဘဝမှာ ဒါမျိုးထက် အသည်းနာဖို့ကောင်းတာ ရှိသေးရဲ့လားဟင်… နန်းဖော။

နန်းဖောသည် စကားမပြောဘဲ နေလေရာ၊ ပထွေးက…

“ဟဲ့ နန်းပုံ၊ နင့်သမီး ငါတို့ကိုစကားတောင် အဖက်လုပ်မပြောဘူး၊ ငါပြောအောင် လုပ်ရလိမ့်မယ်”

ထိုအခါ နန်းပုံလည်း စိတ်ညစ်သဖြင့် တခြားကို စိတ်မရောက်ရင်တော်ပြီ၊ အိမ်မှာမှ ငြိမ်ငြိမ်နေပါစေတော့ဟု သဘောထားကာ…

“ရှင် သဘောရှိသလိုစီမံ၊ ကျုပ်မနိုင်ဘူး၊ နိုင်သလိုလုပ်…”

ဟုပြောပြီး အိမ်ပေါ်မှ ဆင်း၍သွားလေ၏။

ပထွေးသည် ချော့တစ်လှည့် ခြောက်တစ်ခါ ပြောဆိုမေးမြန်းသော်လည်း မရတော့ပေ။

နန်းဖောသည် လူမောင်၏ လက်မောင်းကို တအားကိုက်ပြီး အိမ်နောက် ဖေးပေါက်မှ ခုန်ဆင်း၍ပြေးရာ လူမောင်သည် ဒေါသအမျက်ပြင်းစွာထွက် လျက် လှံနှင့်လိုက်၍ ထိုးလေ၏။

mgyoe.com

mgyoe.com



နန်းဖောမှာ အပြေးမြန်၍ တောကြားချုံကြားထဲတွင် ကွေ့ကောက်ပြေးသောကြောင့် ချမ်းသာရာရ၍ သွားလေ၏။

နန်းဖောကို မမိသောအခါ လူမောင်သည် ဒေါသအမျက် ပြင်းစွာထွက်လျက် တောထဲတွင် လိုက်၍ရှာပြီး ပြန်လာလျှင် အသေသတ်မည်ဟု အကြိမ်ကြိမ် ကြိမ်းမောင်းဆဲရေးလေ၏။

သို့ ကြိမ်းမောင်းဆဲရေးသော စကားများကို ချုံတစ်ခု၌ ပုန်း၍နေသော နန်းဖောသည် ကောင်းစွာကြားရလေ၏။

အတန်ကြာသောအခါ လူမောင်သည် ရှာ၍မတွေ့သဖြင့် ဆဲဆိုရေရွတ်ရင်း အိမ်ကိုပြန်လေ၏။

နန်းဖောမှာ အဘယ်ကို သွားရမည်မသိ။ ပထွေးမှာ လူဆိုးဖြစ်သဖြင့် ရွာထဲ၌ မည်သည့်အိမ်ကမှ နန်းဖောကို လက်ခံထားဝံ့မည် မဟုတ်ပေ။ သို့ဖြစ်လေရာ နန်းဖောသည် ကြံရာမရသဖြင့် စွန့်စားကာ တောင်ပေါ်ကို တက်ရန် ကြံလေ၏။

တောင်ပေါ်ကိုတက်လျှင် သူသိမှာပဲ သိရင် ငါ့ကိုကြိုနေမှာပဲ နာနာဘာဝဆိုတာ သိတတ်တာမျိုးမို့ ငါ့ကို ပစ်ထားမှာမဟုတ်ဘူး။ သူ့တိုက်လည်း ငါ့ကိုမပြဘူး။ ရေကန်မှာတော့ သူအမှန်ရှိမှာပဲ စသဖြင့် တွေးတောကာ တောင်ပေါ်ကိုတက်လေ၏။

သို့ရာ၌ ကိုမင်းဒင်အစား မုတ်ဆိတ်ကြီးဖားယားနဲ့ သတ္တဝါကြီးကိုများ တွေ့နေရလေမလားဟု တွေးတောကြောက်ရွံ့လေ၏။

ကြောက်သော်လည်း ဇွတ်နှစ်ကာ အရဲစွန့်၍တက်လေ၏။

တောင်ပေါ်သို့ရောက်သောအခါ လရောင်ကလေး မှေးမှေးရေးရေး ရိပ်ရိပ်မျှ မြင်ရသော တောချုံသစ်ပင်တို့မှာ နာနာဘာဝ သတ္တဝါတွေလို ဖြစ်၍နေလေ၏။

mgyoe.com

mgyoe.com



နန်းဖောသည် အခါတိုင်းကဲ့သို့ မင်းဒင်စောင့်၍နေသည်ကို မမြင်ရသောအခါ များစွာအားငယ်၍ သွားလေ၏။ သို့သော်လည်း မျှော်လင့်သောအချစ်စိတ်ကြောင့် အကြောက်သည် ရုတ်တရက်ပေါ်၍မလာ၊ အကြောက်စိတ် ပျောက်ကွယ်၍နေလေ၏။

အတန်ငယ်ကြာစွာ စမ်းရေ၌ စောင့်၍နေပြီးမှ...

"ကိုမင်းဒင် ... ကိုမင်းဒင်"

ဟု အသံမကျယ်တကယ်နှင့် ခေါ်လေ၏။

မင်းဒင်ကိုမမြင်ရ၊ ပြန်၍ထူးသော အသံကိုလည်း မကြားရပေ။ လေဖော့သဖြင့် လှုမမာကဲ့သို့ ညည်းညူသော သစ်ပင်ကြီးငယ်တို့၏ အသံများကိုသာ ကြားရလေ၏။

"ကိုမင်းဒင် ကျွန်မလာတာကို မသိဘူးလား၊ အို... ကိုမင်းဒင်ရဲ့ ကျွန်မကို တမင်ရှောင်နေသလား"ဟု ခေါ်ကာပြောလေသည်။

လေသည် သာလွန်ပြင်းထန်သောအသံနှင့် ညည်းညူသည်မှာ မချိမဆန့် ဝေဒနာခံရသော ဒုက္ခသည်များ၏ ညည်းညူသံလို မှတ်ထင်ရလေ၏။

နန်းဖောသည် အတန်ကြာစွာ ထိုမှဤမှ သွားလာလျှောက်ပြန် အသံပေးကာ ငိုကြွေးမြည်တမ်းလျက် နေသော်လည်း ကြောက်မက်ဖွယ်ကောင်းသော လေသံနှင့် ပိုးမွှားသံများမှတစ်ပါး၊ အခြား ဘာသံမျှမကြားရ၊ တစ်ခါခါ ကြောက်မက်ဖွယ်ကောင်းသော နာနာဘာဝ တစ္ဆေ သူရဲများ ထွက်ပေါ်၍လာမည်လားဟု တွေးတောကြောက်ရွံ့လေ၏။

"ပဒုမ္မာကြာရေကန်မှာ ရေကြည်ခန်းခြောက်နေ သောက်၍ ကုန်သလို ပဒုမ္မာကြာပန်းမှာ မှိုခိုရာကင်းနေ ညှင်းတိုင်းလောင်ကျွမ်း သွေ့ ခြောက်ကာ နွမ်းရပါတော့မယ်၊ ကိုမင်းဒင် ကိုမင်းဒင်ရဲ့ အကြောင်းကိုမှ မကြား၊

mgyoe.com

mgyoe.com


နှုတ်ကလေးမှမဆက်ဘဲ ဘယ်အတွက် သွားရသတုံး၊ အခုလို စိမ်းစိမ်းကားကား ဒုက္ခသည်မကို ပစ်၍သွားမှာဖြစ်ရင် ဘာပြုလို့ အစကတမင်လာပြီး စရတာတုံး၊ ကိုမင်းဒင်ရဲ့၊ တမင်သက်သက် ဒုက္ခ ဖြစ်အောင် ကြံစည်ပြီး အခုလိုလုပ်တာလား ကိုမင်းဒင်ရဲ့ ဘယ်ဘဝက အငြိုးထားပြီး အခုလို နှိပ်စက်ရတာတုံး" စသည်ဖြင့် တောက်တီးမြည်တမ်း ရှာလေ၏။

အတန်ကြာစွာ ထိုကဲ့သို့ နေပြီးနောက်...

"ကိုမင်းဒင် လူစိမ်းကားကြီးရဲ့ ကျွန်မလာမှန်းသိလျက်နဲ့ တမင်ရှောင်ပုန်းနိုင်ပါပေရဲ့၊ နန်းဖောကို အရင်ကလို မချစ်လို့ ပစ်တော့သလား၊ လူစော်နံလို့ အတွေ့မခံဘဲ နေတာလား၊ မလာစေချင်ရင် မလာတော့ပါဘူး..."

စသည်ဖြင့် တောက်တီးညည်းတွားကာ တောင်ပေါ်မှ ဆင်း၍သွားလေ၏။

အိမ်သို့ရောက်သောအခါ ပထွေးနှင့် မိခင် မအိပ်သေးဘဲ အိမ်ခေါင်းရင်းကန်စွန်းခင်း၌ထိုင်ကာ စကားပြော၍ နေကြသည်ကို ခပ်လှမ်းလှမ်းမှနေ၍ မြင်ရသဖြင့် ၎င်းတို့ရှိရာသို့ မချဉ်းမကပ်ဘဲ အခြားကို လှည့်၍သွားလေ၏။

သို့သော်လည်း အဘယ်အိမ်မှာမျှ ခိုကိုးရာမရပေ၊ ခင်မင်သော အသိအိမ်များကို သွားပြန်ပါလည်း မည်သူကမျှ ၎င်းကို လက်မခံဝံ့၊ "ညည်းပထွေးကို ကြောက်ပါတယ်အေ၊ ညည်းကိုတော့ သနားပါရဲ့၊ နို့ပေမဲ့ လက်မခံဝံ့ဘူး"ဟု ပြောကြလေ၏။

နောက်ဆုံး၌ အိမ်တစ်အိမ်က လက်ခံသဖြင့် ထိုညဉ့်မှာ အိပ်ရာကိုရလေ၏။ သို့သော်လည်း နန်းဖောမှာ မိုးလင်းအောင် ထိုအိမ်၌ မအိပ်ဝံ့ အိပ်ဝံ့ အိပ်၍လည်းမပျော် အိပ်ရာထဲ၌ 'ကိုမင်းဒင် ကိုမင်းဒင်'ဟူ၍ စိတ်မှာတရင်းအရဏ်ကျဉ်းသဖြင့် လူသူသိမှာ စိုးသောကြောင့် အိပ်ရာမှထပြီးတောင်ပေါ်

mgyoe.com

mgyoe.com


ကို တက်ပြန်လေ၏။

တောင်ပေါ်ကိုရောက်သောအခါ၌လည်း မင်းဒင်ကို မတွေ့ရ၊ တလည်လည်ခေါ်ကာ တကာ ဝိကာယိကာ အနှံ့အပြား ရှာသော်လည်း ပန်းရုံသာ ရှိလေ၏။

ဂူရှိသမျှ ချောက်ကြိုမြောင်ကြား နေရာဟူသမျှ၌လည်း အရိပ်အရောင်ကိုမျှ မတွေ့ရ၊ အထိမ်းအမှတ်ဟူ၍မရှိ ကိုမင်းဒင် အဘယ်နည်း အဘယ်ပုံ ပျောက်ကွယ်၍ သွားပါဘိသနည်း၊ ငါ့အတွက် ပြေးရရှာလေသလား ငါနှင့် ပတ်သက်၍ ပေါက်ကြားမည့်အရေးကို သိသဖြင့် ပြောင်းရွှေ့၍ သွားလေသလား၊ သိုက်ဆရာများ လာရောက်ရန်ရှာ၍ သွားရရှာလေသလား စသည်ဖြင့် အမျိုးမျိုးစဉ်းစားရင်း ဂူတစ်ခု၏ အဝနားသို့ ရောက်၍သွားရာ အရင်က မြင်ဖူးသည့်အတိုင်း စောင်ခြုံလျက် အိပ်၍နေသောသင်္ကာန်ကို တွေ့ရလေ၏။

နန်းဖောသည် အတော်အတန် အားတက်သလိုဖြစ်ပြီး ရပ်ကာကြည့်၍ နေလေ၏။

"ကိုမင်းဒင် ကိုမင်းဒင်"ဟု ခေါ်သော်လည်း ၎င်းသင်္ကာန်မှာ မလှုပ်မရှားဘဲ နေလေ၏။

ခေါ်၍မရသဖြင့် အရဲစွန့်ကာ ဂူတွင်းသို့ဝင်၍သွားပြီး အိပ်နေသူ၏ အပါးကို ကပ်၍ကြည့်လေ၏။ 'ကိုမင်းဒင် ကိုမင်းဒင်'ဟု ထပ်၍ခေါ်ပြန်၏။

ခေါ်သော်လည်း မလှုပ်မရှား ထူးလည်းမထူးသဖြင့် ဘာပဲဖြစ်ဖြစ်ဟု အောက်မေ့ကာ စိတ်ကိုတင်းပြီး ခေါင်းပိုင်းရှိ စောင်စကိုဆွဲ၍ လှန်လိုက်ရာ ဆံမှတ်ဆိတ်တွေပေါ်၍ လာသောကြောင့် ထိတ်လန့်ပြီး မလှုပ်မရှားဘဲ ရှိနေသေးသည့် သင်္ကာန်ကိုကြည့်ကာ နောက်ဆုတ်ထွက်ခဲ့လေ၏။

mgyoe.com

mgyoe.com



ဂူအပြင်သို့ ရောက်ခါမှ ခြေကုန်လွှတ်၍ ပြေးလေရာ တောင်အောက်သို့ ရောက်ခါမှ မောပန်းစွာနှင့် မြေပေါ်တွင်လဲကျပြီး လူးလိမ့်လျက် ရှိုက်ငင်ကာ အသည်းအသန် ငိုရှာလေ၏။

ကိုမင်းဒင်နှင့် တွေ့ရတော့မှာ မဟုတ်ပါဘူး၊ ကိုမင်းဒင်နှင့်သွားရမည့် စခန်းသွားဇာတ်လမ်းမှာ ဆုံးခန်းသို့ ရောက်ချေပြီ၊ နတ်ပြည်မှ အဝိစိငရဲသို့ ဘုံကြိုးပြတ်ခါ ကျသည့်အလား အပူကြီး ပူရှာလေ၏။

နန်းဖောမှာ အချစ်ဟူ၍ တစ်ကြိမ်တစ်ခါမျှ မတွေ့စဖူးဘဲလျက် ယခုကဲ့သို့ ထူးထူးခြားခြား နတ်သားကလေးနှင့် တောတောင်၌ တွေ့ရသည်မှာ နတ်ပြည်ကို ရောက်ရသလိုဖြစ်၍ နေခဲ့၏။

သို့နေရာမှာ ယခုလို ဖြစ်ရသည်မှာ ဘုံကြိုးပြတ်ကာ အဝိစိငရဲကို ကျရသည်ထက်ပင် ပိုမို၍ဆိုးလေ၏။

အဝိစိ ငရဲမီးသည် ယခု နန်းဖောကလေးခံရရှာသော သောကမီး လောက် ပြင်းထန်မည်မဟုတ်ပေ။

မင်းဒင်မှာ ပဒုမ္မာကြာရေကန်၌ရှိသော ကြည်လင်အေးမြသော ရေနှင့် တူလေရာ၊ ရေမရှိက ကြာပန်းမှာ နွမ်းအိသွေ့ခြောက်သည့်အလား နန်းဖော်၏ နှလုံးမှာ သွေ့ခြောက်လျက် သေမလောက်ဖြစ်ရာလေ၏။

ဤကဲ့သို့ စွန့်ခွာ၍သွားရမှာ မသိသောကြောင့်သာ မိမိအား ကိုယ်ရောင် ပြကာ စလာသလား ယခုမှ အကြောင်းတစ်ခုခုကြောင့် စွန့်ခွာ၍ သွားရလေ သလား၊ သို့တည်းမဟုတ် ဆရာများနိုင်သဖြင့် နှိပ်စက်ခြင်းခံရပြီး ဥစ္စာ စောင့်ဘဝမှ တစ်ဖန်စုတေကာ အခြားသော နာနာဘာဝတိုင်းပြည်ကို လားလေသလား၊ လူဘဝကို ရောက်လေသလား၊ သို့တည်းမဟုတ် တစ် နေရာမှာ သိုက်ဆရာ၏ တန်ခိုးအာဏာနှင့် နှောင်ဖွဲ့ခြင်းကို ခံရနေ၍သလား၊ လာနိုင်လျက်နှင့်ကား မလာဘဲနေမည်မဟုတ်၊ မလာနိုင်၍သာ ထင်ပါရဲ့

mgyoe.com

mgyoe.com



စသည်ဖြင့် အမျိုးမျိုး တွေးတောကာ တောင်ခြေ၌ မြေပေါ်တွင် လူးလိမ့်ရင်း မချိသောအသံနှင့် မင်းဒင်ကိုတကာ ခေါ်ကာ တစာစာ နေရှာလေတော့သတည်း။

❐

mgyoe.com

mgyoe.com

# အခန်း (၆)

ထိုအတွင်း ရွာဘက်မှ ဆူဆူညံညံအသံများကို ကြားရသဖြင့် လူးလဲထကာ နားထောင်လေ၏။ ကယ်ကြပါစသည်ဖြင့် အော်သောအသံများကို ကြားရလေ၏။

နန်းဖောသည် ပြေးလေရာ မိမိ၏အိမ်အနီး၌ လူစုလူဝေးများကို တွေ့ရသဖြင့် ပြေး၍ကြည့်လေလျှင် မိခင်ဖြစ်သူကို ရွာသူရွာသားများဝိုင်း၍ ထူမကာ နေကြသည်ကို လည်းကောင်း၊ မိခင်၏ မျက်နှာမှာ ဆံပင်တွေ ဖိုးရိုးဖားရားဖြစ်လျက် ဖြူရော်ရော်နေသည်ကို လည်းကောင်း၊ သွေးအစအန များကို လည်းကောင်း မြင်ရလေရာ ပြေး၍ဖက်လေ၏။

"အမေ ... အမေ သတိထားပါအမေ၊ အမယ်လေး ကျွန်မအမေကို ကယ်ကြပါဦး"ဟု ပြောရင်း ကိုယ်တိုင် မြောမေ့၍သွားလေ၏။

အကြောင်းမူကား မိခင်၏ဘေးမှ ရေပွက်နှင့်ထုတ်သလို သွေးများ ပန်းထွက်၍နေသည်ကို သိရလေ၏။

အတန်ငယ်ကြာလျှင် သတိရ၍လာလေ၏။ မိခင်ကို သေချာစွာ ကိုင်တွယ်စမ်းသပ်၍ ကြည့်လေ၏။

mgyoe.com

mgyoe.com



မိခင်၏ မျက်နှာမှာ ကြောင်တောင်တောင်ဖြစ်လျက် အကြောက်ဝင်ကာ ဘာကိုမှမမြင်မသိ သတိကင်းလွတ်၍နေသည့် အသွင်ရှိလေ၏။

ထိုအတွင်း "ဟိုအကောင်ကို မလွတ်စေနဲ့ ရိုက်ဖမ်း ဘာလဲ ဒင်းကို တစ်ယောက်တည်း ဘာပြုလို့ မနိုင်ရမှာလဲ"ဟု သူကြီးက ဒေါသနှင့် ပြောလေ၏။

"လူမိုက်ကော ဘာဖြစ်သလဲ ရိုက်ဖမ်းရင် ဒင်းဘာတတ်နိုင်မှာလဲ အသေရရ အရှင်ရရ ရာကြ၊ အခု ဘယ်ပြေးသလဲ"ဟု လူတစ်ယောက်က ပြောလေ၏။

ထိုအတွင်း...

"ဟိုမှာ ဟိုမှာ ပြေးပြီ ပြေးပြီ လိုက်ကြ လိုက်ကြ"

ဟုအော်သော အသံများကိုကြားရသဖြင့် စုရုံး၍လိုက်ကြလေ၏။ ထိုသူများအထဲတွင် ပုလိပ်အရာရှိများ ပါလေ၏။

မနန်းပုံမှာ စကားမပြောနိုင်ဘဲ ကြောင်တောင်ကြီးဖြစ်လျက် ရွာသူရွာသားများ ကိုင်တွယ်ပွေ့ချီ လှည်းပေါ်သို့ ကောက်ရိုးများခင်း၍ တင်ကြသည်ကိုသာ ငြိမ်သက်စွာ ခံ၍နေလေ၏။

လှည်းပေါ်ကို ရောက်ပြီးနောက် မကြာမီသေဆုံးရှာလေသတည်း။

နန်းဖော့သည် မိခင်၏အလောင်းကို ပွေ့ဖက်ကာ ငိုကြွေးရှာလေ၏။

"အမေရဲ့ အမေ ကျွန်မအတွက်ကြောင့် ခုလိုဖြစ်ရတာပါပဲ၊ သမီးတစ်ယောက်ထဲကို ထားရစ်တော့မှာလား အမေရဲ့... ဘယ်သူ့ကို အားကိုးနေရစ်ဖို့ ထားခဲ့တာလဲ အမေရဲ့..."

စသည်ဖြင့် တောက်တီး မြည်တမ်းရှာလေ၏။

အချို့က နန်းဖော့ကို အားပေးရင်း ခေါ်ဆောင်၍သွားကြလေ၏။ ဖြစ်ပျက်ပုံ နောင်သိရသည်အရ၊ နန်းဖော့အတွက်နှင့် စကားများရာမှ

mgyoe.com

mgyoe.com



အကြီးအကျယ် ဒေါသဖြစ်ကြသဖြင့် လူမောင်က နန်းပုံကို မှိန်းနှင့်ထိုးလိုက်ခြင်း ဖြစ်လေ၏။

ပထွေးမှာ နန်းဖောကို မိမိမရသည့်အတွက် မိခင်နန်းပုံကို အမြဲရန်လို၍ နေလေရာ၊ ထိုအခါ၌ကား ကေန် နန်းဖောကိုရတော့မည် မဟုတ် သူတစ်ပါး လက်ချက်ဦးပြီး မိမိမှာ ကျန်ရစ်ဖြစ်တော့မည်ဟု တွေးလေတွေးလေ ဒေါသကြီးလေလေ ဖြစ်ကာ မယားကို ရန်ရှာရာတွင် မယားဖြစ်သူမှာလည်း သမီးအတွက် စိတ်မချမ်းသာခိုက်မို့ ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောထားကာ ရန်တုံ့ပြန်ကာ ပြောဆိုဆူပူမိလေ၏။

ထိုအခါ လူမောင်မှာ မိမိကို လွန်စွာကြောက်ရသော မယား၏ တုံ့ပြန်မှု ပြောဆိုခြင်းကို သည်းမခံနိုင်ဘဲ ယမ်းပုံမီးကျ ဟုန်းဟုန်းထလျက် ဒေါသအမျက်ကို ချုပ်တည်း၍မရဘဲ နေလေ၏။

နန်းပုံမှာလည်း အချိန်တန်၍ ကံကြမ္မာညိုး ဂြိုဟ်ဆိုးကြုလာ၊ သေရက် ဆိုက်သောကြောင့်ပေလား မသိရ၊ အနီးအပါး၌ စိုက်၍ထားသော မှိန်းကြီးမှာ လက်ကိုလှမ်းကာ ယမ်းကိုင်ရုံမျှနှင့် ဆုပ်မိလျက်သာ ဖြစ်၍နေလေ၏။

သို့ ဆုပ်ကိုင်မိသောအခါ၌လည်း များစွာ အရေးမကြီး စိတ်ကိုပြန်၍ ချုပ်မည်ဆိုလျှင် ချုပ်နိုင်ဖွယ် ရှိသေးလေ၏။

မချုပ်နိုင်အောင် အကြောင်းဖန်သည့် အရာကား အခြားမဟုတ်၊ "ဆွဲကြပါဟဲ့ မှိန်းကြီးနဲ့၊ လုပ်ကြပါဟဲ့ နန်းပုံပြေးဟဲ့ ပြေး ... ပြေး" ဟု အော်ဟစ်ပြောဆိုကြသော သူတို့၏ စကားအသံများ ဖြစ်ကြလေ၏။

အကြောင်းမူကား လူမောင်သည် ထိုအသံများကို ကြားရသောအခါ ငါမှိန်းကို ကိုင်တာမြင်ကုန်ကြပြီ၊ ထိုးမှတော်မည်။ မထိုးရင်ဟန်သမား အလကားအကောင်ဟု ပြောကြလိမ့်မည်ဟူသော လူမိုက်တို့၏ မိုက်တွေး

mgyoe.com

mgyoe.com



တွေးသည့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှ လက်လျင်မြန် တိုတောင်းသော အချိန်၌ ပေါ်ပေါက်မှန်းမသိ ပေါ်ပေါက်ကာ ငါဟန်သမားမဟုတ်၊ တကယ်မိုက်တဲ့ အကောင်ဟူသော မာနစိတ်ကလည်း ထိုမျှလောက်ပင် လျင်မြန်စွာပေါ်လာ၍ တအားဆောင့်ကာ ထိုးလိုက်ခြင်း ဖြစ်လေ၏။

သူရဲဘောနည်းသဖြင့် အဟုတ်တကယ် မလုပ်လိုဘဲလျက် ဟန်လုပ်၍ လက်နက်ကိုကိုင်ကာ ခြိမ်းခြောက်မိသူများသော်မှ လူသူလေးပါးသိမြင်၍ ဤကဲ့သို့ အော်ဟစ်ကြသည့်အခါ ဤစိတ်မျိုးပေါ်ပြီး တကယ်လုပ်တတ်ကြသည်ကား ဓမ္မတာတစ်ခု ဖြစ်လေ၏။ သို့ဖြစ်လေရာ လက်လွန်ပြီးမှသာ မျက်နှာမူ သွေးဆုတ်အောင် အကြောက်ဝင်တတ်ကြလေရာ၊ (စိတ်မာန် ဒေါသဖြစ်ကြသည့် အခါများ၌ လက်နက်ကိုမထိ မကိုင်မိအောင် မည်သူ မဆို အထူးသတိနှင့် ရှောင်အပ်ကြလေသည်။)

လူမောင်မှာ အဘယ်ကိုရောက်သည် မသိရပေ။

တောင်ပေါ် တောင်အောက် အနှံ့အပြား ပုလိပ်အရာရှိများပါ လိုက်လံ ရှာကြလေ၏။

နန်းဖောမှာကား ချစ်သူလည်း ကွယ်ပျောက်၊ မိခင်လည်း မျက်စိ အောက်မှာ လတ်တလော သေဆုံးလေရာ၊ ချာချာလည်အောင် ရူး၍သွားလေ ၏။

သို့ဖြစ်လေရာ ဂရုစိုက် စောင့်ထိန်းသူများအလစ်မှာ တောင်ပေါ်သို့ အဘယ်ပုံ ရောက်မှန်းမသိရောက်၍ သွားပြန်လေ၏။

နန်းဖော၏စိတ်၌ ဤလူ့ပြည်လောက၌ ဤတောင်ပေါ်ရှိ စမ်းချောင်း နှင့် ၎င်းစမ်းချောင်း အနီးအနား နေရာများသာ နေစရာရှိသည်ဟု မှတ်ထင်၍ နေလေ၏။

ထိုနေရာသည် မိမိ၏အပေါ် အချစ်ပန်းပွင့်သောနေရာဖြစ်လေရာ

mgyoe.com

mgyoe.com



နတ်ပြည်ထက် သာယာလေ၏။ ထိုနေရာမှတစ်ပါး၊ လူ့ပြည်မှ အခြားနေရာ မရှိ၊ အဘယ်အခါမျှ မကြုံစဖူး ထူးမြတ်သော အချစ်၏အရသာ မျက်ရည်ကို ထိုနေရာများမှာသာ မှိုဝဲထားခဲ့လေရာ မမေ့နိုင်သောနေရာ၊ မပျက်နိုင်သော နေရာ၊ အိပ်သည့်အခါ အမြဲအိပ်မက်ရသောနေရာ၊ နိုးခိုက်မှာ အမြဲတွေးရသော နေရာ၊ အချစ်၏အရသာကို ကိုယ်တွေ့လက်တွေ့ ခံစားရသော နေရာ၊ သေသည့်အခါ၌ပင် ထင်မြင်ရမည့် နေရာဖြစ်လေရာ၊ စိတ်လက်ချောက်ချား ဖောက်ပြားရူးသွပ်၊ သတိဉာဏ် ကင်းလွတ်သည့်အခါမှာပင် ထိုနေရာ၌သာ ထင်မြင်ရသောကြောင့် ထိုနေရာကို သွားရမှန်းမသိဘဲ ရောက်၍သွားခြင်း ဖြစ်လေ၏။

တောင်ပေါ်၌ အခြားသူများမှာ အတန်ကြာရှာဖွေပြီး လူမောင်ကို မတွေ့ကြရသဖြင့် ဆင်း၍သွားကြသောအခါ နန်းဖောမှာ တစ်ကိုယ်တည်း ကျန်ရစ်လေ၏။

၎င်း၏စိတ်၌ကား မိခင်အတွက် ပူလောင်၍လာသမျှသည် တောင်ပေါ်သို့ရောက်လျှင် ရောက်ချင်းပပျောက်ကာ ကိုမင်းဒင်... ကိုမင်းဒင်... ကိုမင်းဒင်ဟူသော အသံသာလျှင် နှလုံးအတွင်းမှ ချိုးကူသလို ထွက်ပေါ်၍ နေလေ၏။

စမ်းရေ၌ဆင်း၍ မင်းဒင်ကို ပုစွန်ထုပ်စမ်းသည့်အလား စမ်းသပ်ရှာဖွေ၍ မတွေ့သည့်နောက်ဆုံး၌ တက်ကာ ဂူသို့ပြေး၏။ ဂူ၌ တစ်စုံတစ်ရာကိုမျှ မတွေ့မမြင်ရ၊ မုတ်ဆိတ်မွေးနှင့် အကောင်ကြီးကိုတွေ့လျှင် မေးမည်ဟု ကြံစည်သော်လည်း မတွေ့ရ၊ တောင်ထိပ်ကိုရောက်အောင် တက်ကာ ရှေ့နောက် တောင်မြောက်ကို ကြည့်ရှုလျက် ရော်မှန်း၊ မျှော်မှန်းရမ်းဆ တမ်းတရှည်လျားသော ဆံပင်မှာ ဖားလျားကျလျက် လေတွင်လွင့်ကာ ဘဝကူးစလိပ်ပြာသည် မှီခိုရာနေရာမရှိသဖြင့် လွင့်ပါးချင်တိုင်း လွင့်ပါး၍

mgyoe.com

mgyoe.com



သွားနေသကဲ့သို့ ဖြစ်၍နေလေ၏။ တစ်ဖန် စမ်းချောင်းရှိရာဘက်သို့ ရောက်၍ လာပြန်လေ၏။

သို့အလာတွင် ချုံကွယ်တစ်ခုမှာ ဘွားခနဲပေါ်လာသော လူတစ်ယောက်နှင့် ရင်ဆိုင်တိုးမိလေရာ သေချာစွာ ကြည့်လိုက်သောအခါ ပထွေးဖြစ်သူကိုလှမောင်ဖြစ်၍နေသဖြင့် လွင့်ပါးသော စိတ်များသည် ပြန်၍တည်လျက် မှတ်ဉာဏ်သတိ ရုတ်တရက် ပေါ်လာဘိအလား ကြောက်စိတ်ဝင်ကာ ကျောက်ရုပ်ပမာ ဖြစ်၍နေရှာလေ၏။

လှမောင်သည် ဒေါသမီးတောက်လောင်လျက် အရူးလိုဖြစ်၍နေသော မျက်လုံးများနှင့် ကြည့်ကာ "ခွေးတိရစ္ဆာန်မ နင့်ကြောင့် ဖြစ်ရတာ၊ နင်ကြမ္မာငင်တာ နင့်ကိုပါ သတ်မယ်"ဟု ပြောပြီး နန်းဖောဏ်လည်းကို ခုန်၍ ကိုင်ကာ မြေပေါ်သို့ တွန်းလှဲလေ၏။

ထိုအခါကျမှ ကျားအုပ်သလို ချုံနိမ့်တစ်ခုကို ခုန်ကျော်၍ လှမောင်ကို အုပ်ဖမ်းကာ ကျားခဲသလို ကျောထက်မှနေ၍ လည်မျိုကို ညှစ်ကိုင်သော မင်းဒင်ကို နန်းဖောမြင်ရလေ၏။

ထိုအခါ "ကိုမင်းဒင် ကိုမင်းဒင်"ဟု အော်ကာ နန်းဖောသည် တအားရှန်း၍ ထလေ၏။

မင်းဒင်နှင့် လှမောင်မှာ သူတစ်ပြန် ငါတစ်ပြန် ဖြစ်၍နေကြလေ၏။ နန်းဖောမှာ ကြောက်အားနှင့် မျက်လုံးများ ပြူးလျက်ကြည့်နေလေ၏။ ဆံပင်တွေ ဖိုးရိုးဖားယားဖြစ်လျက် လေထဲမှာ လွင့်၍နေလေ၏။ တစ်စုံတစ်ရာမှ မပြောနိုင်သော်လည်း မအော် ဘာကိုလုပ်ရမှန်းမသိဘဲ နေလေ၏။

ထိုအတွင်း မင်းဒင်၏ခါး ရှမ်းဘောင်းဘီအကြားမှ စာရွက်အလိပ်ကလေးတစ်ခု ထွက်၍ကျသွားသဖြင့် နန်းဖော ကပျာကယာ ကောက်၍ယူပြီး အင်္ကျီအတွင်းအိတ်ထဲသို့ ထည့်လိုက်လေ၏။

mgyoe.com

mgyoe.com



အတန်ငယ်ကြာလျှင် နှစ်ယောက်သားတွဲ၍ သွားကြလေ၏။ မင်းဒင်သည် တစ်ခုသောနေရာသို့ ပြေးလေ၏။ ထိုနေရာမှာ ချောက်ကမ်းပါး အစွန်း ဖြစ်လေ၏။ ၎င်းနေရာ၌ရပ်ကာ လူမောင်ကိုစောင့်၍ နေလေ၏။ မကြာမီ လူမောင်သည် မင်းဒင်၏အပါးသို့ ရောက်၍သွားလေ၏။

ထိုအခိုက် ပုလိပ်များနှင့် အခြားလူများ ရောက်၍လာကြလေ၏။ မြင်ရသူများနှင့် ပုလိပ်သားများသည် ၎င်းတို့၏အပါးသို့ မသွားဝံ့ကြချေ၊ အကြောင်းမူကား ချောက်ကမ်းပါး အစွန်းဖြစ်လေရာ၊ ချောက်မှာလည်း နက်မှောင်၍ နေသဖြင့် "ချောက်ထဲကျ သေကြလိမ့်မယ် နေပေစေ နေပေစေ သူတို့ဘာသာ သူတို့ ဘာဖြစ်ဖြစ် အနားမသွားကြနဲ့၊ နှစ်ယောက်စလုံး ရာဇဝတ်ကောင်ချည်းပဲ"စသည်ဖြင့် ပုလိပ်များက အော်ကြလေ၏။

နှစ်ယောက်စလုံး ပြော်သောအသံများကို မကြားလေဟန်နှင့် ဆက်ကာ လုံးကြလေ၏။ ချောက်ကမ်းပါးစွန်းသို့ နီးသထက်နီးစွာ ကပ်၍သွားကြလေ၏။ နန်းဖောသည်ကား "ကိုမင်းဒင့် ... ကိုမင်းဒင်"ဟု အော်ကာ ပြေးသွားလေရာ လူနှစ်ယောက် သုံးယောက်က ဆွဲထားကြလေ၏။

အချို့မှာ ချောက်ကမ်းပါးကိုကပ်၍ သစ်ပင်များကိုကိုင်ကာ အောက်ကိုကြည့်ပြီး "အမယ်လေး ... အသူတရာ ချောက်ကြီးပါကလား၊ ကျရင် အရိုးအသား ရှာလို့ရမှာမဟုတ်ဘူး"ဟု ပြောကြလေရာ၊ စကားမဆုံးမီ နှစ်ယောက်သား ပျောက်ကွယ်၍ သွားကြလေ၏။

ပျောက်ကွယ်၍ သွားကြသည်နှင့် တစ်ပြိုင်တည်းလိုလို တဖျင်းဖျင်း မြည်သော သစ်ကိုင်းကြီးများ၏ ကျိုးသံကွဲသံများကို ကြားရလေသတည်း။

လူများသည် ချောက်ကမ်းပါးကိုကပ်ကာ ငုံ၍ကြည့်ကြလျက် "ကိစ္စ ချောပြီ သွားကြပြီ သင်္ဂြိုဟ်ပြီးသားဖြစ်ပြီ"စသည်ဖြင့် ဆူဆူညံညံ ပြောကြ ပြီးနောက် အတန်ကြာလျှင် ထိုနေရာအနီး၌ တစ်စုတစ်ရုံး ထိုင်သူတွေက

mgyoe.com

mgyoe.com


ထိုင်၊ ရပ်သူတွေက ရပ်၊ အောက်ဆင်းကြည့်မည်ဟု ပြောကာ ခါးတောင်းကျိုက်သူက ကျိုက်၊ နွယ်ကြိုးတွေကို ရှာသူက ရှာကြလေ၏။

ပုလိပ်အရာရှိများသည်ကား မေးသူများအား တစ်စုံတစ်ရာ မပြောကြပေ၊ မပြောကြသည်မှာ မိမိတို့၏ အကျိုးစီးပွားနှင့် ပတ်သက်သော ရည်ရွယ်ချက် တစ်ခုခုရှိသောကြောင့် ဖြစ်လေ၏။

မကြာမီ တောင်ပေါ်မှဆင်း၍ သွားကြလေ၏။ နန်းဖောမှာ ချောက်ကမ်းပါးသို့ပြေးပြီး မိမိကိုယ်ကို ပစ်ချသည့်ဟန် ပြင်လေ၏။ အများက ဆွဲ၍ထားကြရလေ၏။

"ကိုမင်းဒင် ... ကိုမင်းဒင်ရဲ့ ကျွန်မမနေဘူး ကျွန်မလိုက်ခဲ့မယ် စိတ်ချပြီး စောင့်ပါတော့ ကျွန်မ ကြာကြာမနေဘူး"စသည်ဖြင့် ပြောရင်း တွဲခေါ်သူများနောက်သို့ လိုက်ပါ၍ သွားရရှာလေတော့သတည်း။

နန်းဖောမှာ သာ၍ရူးပြန်လေ၏။ သို့သော်လည်း နှုတ်မှတစ်စုံတစ်ရာ မပြောတော့ပေ၊ ငြိမ်ငြိမ်ကလေး နေရှာလေတော့သတည်း။

❒

mgyoe.com

mgyoe.com

# အခန်း (၇)

နန်းဖောမှာ ခိုကိုးရာမဲ့ဖြစ်နေ၍ ရွာသူကြီးနှင့် ရွာသူကြီးကတော်က ကြည့်ရှုစောင့်ရှောက် တရားလမ်းပြသဖြင့် အတော်ကလေး အသိတရား ရသော်လည်း စိတ်မငြိမ်သက်စေတော့ဟု သဘောထားကာ အလိုလိုက်၍ ထားလေရာ နန်းဖောမှာ အရင်ကနှင့်မတူ လွတ်လပ်စွာ သွားလာခွင့်ရသဖြင့် တောင်ပေါ်ကိုသာ နေ့စဉ်သွားလေ၏။ သူကြီးသမီး ပုတ်ကလေးခေါ်သည့် မိန်းမပျို ရှမ်းမကလေးမှာ နန်းဖောမှာ တောင်ပေါ်၌ ပုတ်ကလေးအား မိမိ၏ အဖြစ်အပျက်များကို ပုံပြောသလို ပြောလေ့ရှိလေ၏။ သို့ ပြောရခြင်းသည် ချစ်သူနှင့် ပြန်၍တွေ့သည့်အလား စိတ်၏ဖြေရာ နည်းလမ်းတစ်ခု ဖြစ်လေ၏။

မင်းဒင်၏ခါးမှ ထွက်လာသည့်စာကိုကား တိတ်တဆိတ်ဖတ်ပြီး နောက် မီးရှို့ဖျက်ဆီး၍ ပစ်လိုက်လေ၏။ ထိုစာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

"သပြေပင် နှစ်ပင်ကြားတည့်တည့် ရေစပ်နားမှာ ကျောက်တုံးကို ဖယ်၍ရှာ ရေအောင်းသော ကျောက်တွင်းထဲမှာရှိသည်။ ငါမရှိသည်နောက်

mgyoe.com

mgyoe.com



သုံးနှစ်ထက်မနည်း ယောက်ျားမယူဘဲ နေနိုင်ရင် လိမ်လိမ်မာမာသုံး တစ်သက်လုံးမကုန်နိုင် ... ”

ထိုစကားများကို ကျက်မှတ်၍ထားလေ၏။ သို့သော် သပြေပင်နှစ်ပင်ကို မတွေ့ရ၊ တစ်ပင်ကိုသာ တွေ့ရလေရာ နှစ်ပင်ကြားဟူသော စကားနှင့်မကိုက်ညီ ဘယ်ဆီမှာ ရှာမည်မသိဘဲနေ၏။

သို့သော် နန်းဖောတောင်ပေါ်သို့ နေ့စဉ်တက်သည်မှာ လောဘကြောင့်မဟုတ် မတက်ဘဲ မနေနိုင်အောင် ဆွဲဆောင်သော စိတ်ကြောင့်ဖြစ်၏။

အခါများစွာ မင်းဒင်၏အကြောင်းကို တွေးတောရာ၌ သံသယဖြစ်ဖွယ်ရာ အချက်တွေ များစွာပေါ်ပေါက်၍လာလေသည်။

သူ ဥစ္စာစောင့် နာနာဘာဝဖြစ်ရင် လူမောင်နှင့် နပန်းလုံးဖို့မရှိ၊ နာနာဘာဝများ စာရေးတတ်သလား၊ သူမရှိသည့်နောက်ဟူသော စကားသည် စဉ်းစားရန် စကားဖြစ်၏။ နာနာဘာဝ၏ စကားနှင့်မတူ၊ ဥစ္စာစောင့်ဖြစ်ရင် ဤကဲ့သို့ နေရာကိုပြမည်မဟုတ် ကိုမင်းဒင်ဟာ ဘာများဖြစ်ပါလိမ့်မလဲ စသည်ဖြင့် အခါခါတွေးမိ၏။

မှတ်ဆိတ်မွေး ပါးမြိုင်းမွေးနှင့် ရသေ့ကြီးအား ကိုမင်းဒင်အကြောင်းကို မေးမည်ဟု အကြံပြုလျက် ၎င်းထံသို့သွားသောအခါ ၎င်းရသေ့ကြီးကို အခါတိုင်း တွေ့ရသောအခါ၌လည်း စကားပြောမခံ လက်ဟန်ခြေဟန်နှင့်သာ မိမိကို ဆီး၍နှင်သဖြင့် ပြန်ခဲ့ရ၏။

စင်စစ်မှာလည်း မေးဖို့မလိုတော့ပေ၊ မင်းဒင်မှာ လူသားမှန်ချေက အသူတရာနက်သော ချောက်ထဲသို့ကျပြီးသဖြင့် လမ်းဆုံးသို့ ရောက်ဖို့သာရှိ၏။ နာနာဘာဝတို့၏ တန်ခိုးဖြင့် လေထဲမှာ ဒန်းလွဲသလိုဖြစ်ပြီး မည်သူမျှမမြင်ရဘဲ ပျံ၍တက်နိုင်မှသာ ချမ်းသာဖို့ရှိသတည်း။

ရက်လ ကုန်လွန်၍သွားလေရာ တန်ခူး ကဆုန်လရောက်လာရာ

mgyoe.com

mgyoe.com



တောတောင်မှာ သာယာနုပျိုလျက်ရှိ၏။ သူကြီးအိမ်ရှေ့၌ လူကြိတ်ကြိတ်တိုးနေ၏။ တောင်ပေါ်ကို မျှော်၍ကြည့်လိုက်ရာ ရင်ထဲ၌ ဆို့လာ၏။

ထိုအခါ၌ ပျောက်သောသူ ရှာလျှင်တွေ့. သေသောသူ ကြာလျှင်မေ့ ဆိုသည်သို့ အတော်အတန် စိတ်သက်သာ၍ သူကြီးအိမ်၌ သမီးအကြီးတစ်ယောက်လို ကောင်းမွန်စွာ နေသောအခါဖြစ်၏။

သို့သော် မင်းဒင်ကိုကား မမေ့နိုင်။ အိပ်ရာမှ စောင်း၍အိပ်လိုက်လျှင် မိမိသွားခဲ့သော တောင်ပေါ်ကို မြင်နိုင်သဖြင့် ထိုနေရာမှာသာ အမြဲအိပ်၏။ လသာသော ညအခါ၌ ထိုနေရာကို ရှုမျှော်ရင်း လွမ်းစိတ်ကိုဖြေရ၏။

ကြိမ်ထိုးရင်း စိတ်၌ လှုပ်ရှားလေရာ အလုပ်ပြီးလျှင် စမ်းချောင်းသို့ ရေချိုးရန်ထွက်ခဲ့၏။

စမ်းချောင်း၌ ရေချိုးမည်အပြုတွင် တေးဆိုသံများကို ကြားသဖြင့် မည်သူများ ဖြစ်ပါသနည်း ... ဟု သိလိုသောကြောင့် အသံကြားရာဘက်ကို သွားရာ သပြေပင်သို့ ရောက်၍သွားလေ၏။

ထိုသပြေပင်မှာ မင်းဒင်နှင့် လူမောင် နပန်းလုံးရင်း ချောက်ထဲသို့ကျ၍ သွားသော နေရာနှင့် မနီးမဝေး ဖြစ်လေ၏။ ၎င်းသပြေပင်၌ ယောကျ်ားကလေးတစ်ယောက်နှင့် မိန်းကလေး နှစ်ယောက် သပြေခက်များကို ချိုး၍ နေကြလေ၏။

ထိုအခါ သပြေပင်နှစ်ပင်ကြား ရေလည်းရှိသည်ဟူသော စကားကို သတိရ၍ကြည့်ရာ သပြေပင်တစ်ပင်ကိုသာ မြင်ရသဖြင့် စိတ်ထဲ၌ မချင့်မရဲ ဖြစ်လျက် နေလေ၏။

သို့နေခိုက်တွင် ချောက်တစ်ဖက်မှ တေးသံကို ကြားရပြန်သဖြင့် ကြည့်လိုက်ရာ ဟိုတစ်ဖက်၌လည်း သပြေပင်တစ်ပင်မှာ သပြေခက်များကို ချိုး၍နေကြသော မိန်းကလေးတစ်စုကို မြင်ရသဖြင့် ချက်ချင်း အသိဉာဏ်ပေါ်

mgyoe.com

mgyoe.com



၍ လာလေ၏။

ချောက်မှာ ဝါးတရိုက်ခန့်ကျယ်လျက် လာသမျှကို စားမည်မျိုမည်ဟု ဟန်ပြင်ကာ ဟ၍ထားသော တောင်ပါးစပ်ကြီးနှင့် တူလေ၏။ ၎င်းချောက်၏ နံရံ၌ ရှိနေကြသော ကျောက်စွန်း ကျောက်တုံးများသည်ကား ထိုပါးစပ်ကြီး၌ရှိသော သွားကြီးများနှင့် တူကြလေ၏။

သပြေနှစ်ပင်မှာ ထိုပါးစပ်ကြီး၏ တစ်ဖက်တစ်ချက်၌ ကြိုးဆွဲ၍ ဆင်းလျှင် အရှေ့နှင့် အနောက်တည့်၍ နေသည်ကို သိရလေ၏။ ရေရှိလျှင် ထိုအသူတရာနက်သော ချောက်ကြီး၏အတွင်းသာ ဖြစ်ရာ၏ဟု တွေးမိလေ၏။ ရေကိုကောင်းစွာ မမြင်ရပေ၊ ကျောက်နံရံများမှာကား နွယ်တွေ သစ်ပင် ဝါးပင်တွေ ရှုပ်ပွ၍နေသောကြောင့် မှောင်၍နေလေ၏။

ကိုမင်းဒင်သည် ငါ့အား မဖြစ်နိုင်သောအရာကို အလုပ်ခိုင်းမည် မဟုတ်။ စာ၌ပါရှိသည့်အရ သပြေပင်နှစ်ပင်ကြားနေရာသည် ချောက်ကြီးသာဖြစ်ရာ၏။ ကေန်ဒိဠ္ဌ အောက်မှာရေရှိမှာပဲ၊ ရောက်နိုင်ရန် နည်းလမ်း ရှိမှာပဲ။ အောက်မှာ ဘေးအန္တရာယ် အကြီးအကျယ်မရှိသောကြောင့်သာ သူမှာခဲ့တာပဲ စသည်ဖြင့် ဆင်ခြင်လေ၏။

သို့သော်လည်း တစ်စုံတစ်ရာကိုမျှ မမြင်ရသော ထိုချောက်ထဲသို့ အဘယ်နည်းနှင့် ရောက်အောင်သွားပါမည်နည်း။ အခြားနေရာများ ရှိလေသလား စသဖြင့် နန်းဖောသည် ချောက်ကမ်းနဖူး၌ထိုင်ကာ အောက်ကိုကြည့်ရင်း စဉ်းစား၍ နေလေ၏။

၎င်းပြင် စာ၌ပါသော စကားတစ်ခု၏ ထူးဆန်းပုံကိုလည်း စဉ်းစားလေ၏။ ထိုစကားမှာ အခြားမဟုတ်၊ သုံးနှစ်ထက်မနည်း ယောကျာ်းမယူဘဲ နေနိုင်လျှင်ဟူသော စကားဖြစ်လေ၏။

ယူလျှင် ဘာဖြစ်သလဲ သူပြန်လာပြီး တစ်ခုခု လုပ်မှာလား၊ သုံးနှစ်

mgyoe.com

mgyoe.com



ထက်မည်း နေနိုင်မှပေးမည်ဟူသော စကားမဟုတ်၊ နေရာကို ပြခြင်းသည် ပစ္စည်းကို ပေးခြင်းပင်ဖြစ်ရာ ပေးပြီးမှ ကတိကိုတောင်းခြင်းမှာ အတော်ပင် ထူးဆန်း၍နေ၏။ အဘယ်သဘောပါလိမ့်မလဲ ဘယ်အတွက်ပါလဲ စသည် ဖြင့် စဉ်းစားရာ သဘောမပေါက်နိုင်အောင် ရှိလေ၏။

ထိုနေ့မှစ၍ နန်းဖောမှာ သောကအပူ ပိုမို၍ အေးစပြုလေ၏။ အကြောင်းမူကား ထိုချောက်ကြီးအတွင်းကို ရောက်အောင်ဆင်းဖို့ရန် ကြံ စည်ရခြင်းသည် စိတ်၏နိုးကြား လှုပ်ရှားထက်သန်ခြင်း တစ်မျိုးကို ဖြစ်စေ လေ၏။ ထိုအကြောင်းနှင့် ပတ်သက်၍ တွေးတောကြံစည်ရခြင်းသည် အပူသောကကို မေ့လျော့ ပျောက်ပျက်အောင် ပြုသည်နှင့် တူ၍နေလေ၏။

ထိုသို့ တွေးတောကြံစည်ရာ ရက်ပေါင်းအတော်ကြာ၍ သွားလေ၏။

လသာသော ညတစ်ည၌ တောင်ပေါ်သို့ ပုတ်ကလေးနှင့်အတူ ရောက်သွားလေ၏။ အခါတိုင်းနည်းတူ မင်းဒင်၏အကြောင်းကို ပြောဆိုရင်း သွားကြရာ ချောက်ကမ်းပါး၌ ငုတ်တုတ်ထိုင်၍နေသော သဏ္ဌာန်တစ်ခုကို မြင်ကြရသဖြင့် နှစ်ယောက်သား တစ်ယောက်လက်ကို တစ်ယောက်ကိုင်ကာ ရပ်၍နေကြလေ၏။

သို့ရပ်တန့်နေကြခိုက်မှာ ထိုင်၍နေသော သဏ္ဌာန်သည် မိမိတို့ရာသို့ ထ၍လာလေ၏။ အတော်နီး၍လာသောအခါကျမှ အမွေးထူသော ရသေ့အို ကြီးဖြစ်ကြောင်း သိကြရလေ၏။

နန်းဖောသည် ၎င်း၏အပါးသို့ကပ်ကာ "ကိုမင်းဒင်နဲ့ အရင်က အတူ တူနေသလား၊ အခု ကိုမင်းဒင် ဘယ်မှာလဲ"ဟု မေးလေ၏။

ရသေ့ကြီးက မိမိထိုင်သော နေရာဘက်သို့ လက်ပြပြီး ထွက်၍သွား လေ၏။

နန်းဖောနှင့် ပုတ်ကလေးမှာ ဘာကိုဆိုလိုကြောင်း မသိသဖြင့် ထပ်၍

mgyoe.com

mgyoe.com



မေးရာ စကားပြန်၍မပြောဘဲ သွားနေလေ၏။

မကြာမီ ထိုနေရာသို့ ရောက်ကြသဖြင့် ထိုင်လျက် သစ်ပင်ငယ်တစ်ပင် ကိုကိုင်ကာ အောက်သို့ကြည့်ကြလေ၏။

"မနန်းဖော ... ကြည့်စမ်း ကြည့်စမ်း ဟော ... ဟော"

"ဘာကိုမြင်သလဲ ငါတော့ ဘာမှမမြင်ရဘူး"

"ဟော ... ဟော မနန်းဘက်က သစ်ကိုင်းတွေ ကွယ်နေတယ်၊ လေတိုက်မှ ယိမ်းပြီးပေါ်လာတယ် ဟော ... ဟော"

နန်းဖောလည်း ပုတ်ကလေးဦးခေါင်းနားသို့ မိမိ၏ ဦးခေါင်းကို ကပ်ကာ ကြည့်လေ၏။

"အေး ဟေး ... အပုတ်သားပဲ လရိပ်ပါလား၊ ရေဟဲ့ ရေရှိတယ်"

"အဝေးကြီးထင်တာပဲ၊ ကျွန်မမြင်ရတာ တသီတခေါ်ကြီးပဲ"

"ဝေးမှာပေါ့အေ့ လကော မဝေးဘူးလား၊ ရေထဲမှာပေါ်တဲ့ အရိပ်ဟာ ဝေးသလောက် မြင်ရတာပေါ့၊ ဟုတ်တယ် ရေရှိတယ်"ဟု ပြောပြီး နန်းဖောသည် သပြေပင်နှစ်ပင်ကိုကြည့်ရာ ထိုရေနှင့် လရိပ်သည် သပြေပင်နှစ်ပင်၏ အလယ်တည့်တည့်လောက်မှာ ရှိနေသည်ကို သိရလေ၏။

နန်းဖောသည် စဉ်းစား၍နေလေ၏။ ကေန်ဒိဌ ဒီနေရာမှာ လမ်းရှိရမယ်၊ သူဆင်းနေကျ တက်နေကျဖြစ်မှာပဲဟု သေချာစွာ စဉ်းစားကြည့်ရာ ပေတစ်ရာလောက် အကွာမှာ နံရံက ကျောက်ဆောင်ကြီးတစ်ခု ရုန်းထွက်လျက် တဲငယ်လေးတစ်ခု ဆောက်လောက်အောင် ကျယ်သည်ကို သိရလေ၏။ ၎င်းကျောက်ဆောင်ပေါ်ကို ရောက်ဖို့မှာ များစွာမခက်၊ ဝါးရုံပင်များ နွယ်များကိုကိုင်မိကာ ကိုယ်ကို အရမ်းပစ်၍ ချစေကာမူ အောက်သို့ မရောက်နိုင် ထိုကျောက်စွန်းပေါ်မှာတင်၍ သာနေဖို့ရှိသည်ကို သိရလေ၏။

"ပုတ်ကလေး ညည်း... မချမ်းသာချင်ဘူးလား"

mgyoe.com

mgyoe.com



"ချမ်းသာချင်တာပေါ့တော့"

"ငါ ဒီလို ခဏခဏလာနေတာ အကြံရလို့ လာတာအေ့၊ ညည်းသူများကို ပြောမှာလား"

"မပြောပါဘူး စိတ်သာချပါ၊ ချမ်းသာလို့ လင်ချောချောကလေး တစ်ယောက်ကို တင်တောင်းယူရအောင်သာ လုပ်စမ်းပါ မနန်းရဲ့၊ အသက်နှစ်ဆယ်နီးပြီ၊ မယ်ရွှေးတို့ ညီအစ်မတောင် ယောကျ်ားရသွားပြီ၊ တစ်နေ့လှည်းယဉ်ကလေးနဲ့ တွဲယှဉ်ပြီး စီးသွားကြတယ်၊ အခုကာလမှာ ပိုက်ဆံရှိမှ ယောကျ်ားကောင်းကောင်းရနိုင်တာ နို့မဟုတ်ရင် ဖဲသမား သူခိုးတွေနဲ့ တွေ့တတ်တာမျိုး"

"ဒီလိုဖြင့် ညည်း ငါခေါ်ရာကို လိုက်ဝံ့ပါ့မလား"

"ဘယ်ကိုခေါ်မှာလဲ"

"ဘယ်ကိုမှ မဟုတ်ပါဘူး၊ ဒီအနီးအနားပါပဲ၊ ပြီးတော့ သူများကိုတော့ မပြောရဘူးနော်"

"အို... မနန်းကလည်း မပြောပါဘူးဆိုမှ ပြီးရောမဟုတ်လား"

"ကောင်းပြီ ညည်းစကားကို မြဲမြဲမှတ်နော်၊ ညည်း သစ္စာရေ သောက်ရမယ်၊ ငါ့ကို မကောင်းမကြံပါဘူး၊ ငါ့စကားကို ဘာမဆို နားထောင်ပါ့မယ်၊ ငါ့ကျေးဇူးကို မမေ့ပါဘူးဆိုတာ သစ္စာရေ သောက်မလား"

"သောက်မယ် မနန်း မဟုတ်တာ မလုပ်ဘူးဆိုတာ ကျွန်မသိပါတယ်"

မကြာမီ စမ်းချောင်းကိုလာကြပြီး မနန်းသည် ပုတ်ကလေးအား သစ္စာရေတိုက်လေ၏။

ထို့နောက် ထိုနေရာသို့ပြန်သွားပြီး လရိပ်ကို ကြည့်ကြပြန်၏။ အတန်ကြာမှ အိမ်ကိုပြန်၍ သွားကြလေ၏။

ထိုည၌ နန်းဖောမှာ တစ်ညလုံးမအိပ်နိုင်ဘဲ နေလေ၏။ နံနက်စောစော

mgyoe.com

mgyoe.com



ဝေလီဝေလင်းအချိန်၌ နန်းဖောသည် ပုတ်ကလေးကိုနှိုးပြီး တောင်ပေါ်ကို တက်လေ၏။

ချောက်ကြီးကို သေချာစွာသွား၍ ကြည့်ကြရာ ညဥ့်မှာမြင်ခဲ့ရသည့် အတိုင်း သာ၍ထင်ရှားစွာ မြင်ကြရလေ၏။ ကျောက်စွန်းမှာရဲလျှင် ခုန်၍ ပင်ချစေကာမူ၊ လူအောက်သို့ မကျနိုင် တင်၍နေဖို့ရှိသည်ကို သိရ၏။

အထက်ထက်က ထိုနေရာကို မည်သူမျှ သေသေချာချာ ဂရုစိုက်၍ ကြည့်ဟန်မရှိကြပေ။ ကိုမင်းဒင် လူစင်စစ်ဖြစ်၍ ဒီတောင်ပေါ်မှာ အကြံ တစ်ခုခုနှင့် နေချောကာ အရေးရှိသည့်အခါ ပုန်းအောင်းရှောင်ကွယ် ပြေးလွှား ရန် လမ်းတစ်ခုခုကို အသင့်လုပ်၍ထားမှာပဲ၊ ဒီနေရာဟာ အတော်ထူးသည် ဟု စဉ်းစားမိလေ၏။

၎င်းအပြင် လူမောင်နှင့်နပန်းလုံးဖို့ရန်မှာလည်း အခြားနေရာကိုမသွား၊ မင်းဒင်သည် တမင်သက်သက် ထိုနေရာသို့လာ၍ လူမောင်ကို စောင့်ပုံ မှာ ထူးခြားကြောင်း နန်းဖောတွေးမိလေ၏။ သူ့နေရာ သူ့လမ်း အချက် အလက်များကို သူကောင်းစွာ သိသောကြောင့်သာ ဤနေရာကို တမင်လာ၍ လူမောင်နှင့် တွေ့ကြုံ နပန်းလုံးခြင်း ဖြစ်ရာ၏ဟု တွေးမိလေ၏။

နန်းဖောသည် ပုတ်ကလေးအား မိမိ၏အကြံကို ပြော၍ပြလေ၏။

ပုတ်ကလေးမှာ ငယ်စဉ်ကပင်၊ သစ်ပင်တက်ခြင်း၊ တောင်တက်ခြင်း၊ အကြိုအကြား သွားရောက်ခြင်း၊ အလေ့၌ ကျင်လည်ပျော့မွေ့သူဖြစ်ရာ ထိုကဲ့သို့သော စွန့်စားခြင်းအလုပ်နှင့် တွေ့လျှင်တွေ့ချင်း မန်ကျည်းပင် ထိပ်ဖျား အကိုင်းစွန်းကလေးများကိုတက်ပြီး ခူးဆွတ်ခဲ့ရသည်များကို ပြန်၍တွေးပြီး ချက်ချင်း ထဘီကိုပြင်၍ တိုတိုဝတ်လေ၏။

ချက်ချင်း ဝါးပင်နွယ်ပင်များကို ကိုင်လျက် ကြည့်နေလေ၏။

စမ်းရေပေါက်သည့် ကျောက်စရစ်ခဲများပေါ်သို့ အရှိန်ကောင်းစွာ

mgyoe.com

mgyoe.com



ကျသည့်အသံမျိုးနှင့် အားရဝမ်းသာ ရယ်မောကာ လက်ခုပ်လက်ဝါးတီး လျက် ကျောက်စွန်းပေါ်၌ နေလေ၏။

ငင်းနောက် အထက်သို့မော်ကြည့်ကာ...

"မနန်းလာလာ။ လွယ်လွယ်ကလေးရယ်တော့ ဘာမှ ကြောက်စရာ မရှိဘူးတော့၊ အမယ်လေး နေရာကျလိုက်တာ အောက်မှာ ဝါးလှေကားကြီး ရှိတယ်တော့၊ သေသေချာချာ ညောင်တိုင်းမှာချိတ်ပြီး တွဲလွဲချထားတယ် လာလာ ဆင်းခဲ့..."

ဟုခေါ်သဖြင့် မနန်းလည်း လွယ်ကူစွာပင်ဆင်း၍ လိုက်လေ၏။

ကျောက်စွန်းအနီး၌ ညောင်ပင်တစ်ပင်ကပ်၍ ပေါက်နေလေ၏။ အပေါ်၌ရှိသော ဝါးပင်တစ်ပင်၏ အခက်များသည်လည်း အောက်သို့ ငိုက်ဆင်း၍နေရာ ထိုဝါးများကိုကိုင်၍ တွဲလွဲခိုလျှင် လှေကားကို မနင်းဘဲ နှင့်ပင် အခြားကျောက်စွန်းငယ် တစ်ခုကို ရောက်နိုင်လေ၏။

ပေါင်လုံးလောက်ရှိသော ညောင်ကိုင်းနှင့် ဝါးကိုင်းများဖြင့် မြဲမြဲစွာ ချိတ်တွယ်၍နေသော ဝါးလှေကားမှာ လက်မောင်းသာသာခန့်ရှိသော ဝါးစိမ်းကို ထက်ခြမ်း ခြမ်း၍လုပ်သော လှေကားဖြစ်ရာ အထစ်များမှာ ထန်း လက်ကြော ဖြစ်လေ၏။ မပြုတ်မပျက်ရအောင် ချည်နှောင်သော အရာများ မှာ ထန်းကြောဖြစ်လေရာ မြင့်စွာ ဆွေးမြည့်မှသာ ပျက်စီးဖို့ ရှိလေ၏။

ငင်းဝါးလှေကားဖြင့် ပုတ်ကလေးအရင်ဆင်းရာ မှောင်တွင်းသို့ ရောက်သောအခါ ဝါးလုံးတစ်လုံးကို အပေါက်များကိုဖောက်၊ ခြေနင်းဖို့ရန် ဝါးတက်တွေတပ်၍ထားသော ဝါးတက်လှေကားတစ်ခုကို တွေ့ရပြန်လေ ၏။ ငင်း ဝါးတက်လှေကားမှာ ပထမဝါးလှေကားနှင့် ဆက်ရထားလေ၏။

ငင်း ဝါးတက်လှေကားအောက်၌ အုန်းဆံကြိုးလှေကားကို တွေ့ကြ ရလေ၏။ အုန်းဆံကြိုးကို ရောက်သောအခါ အလင်းရောင်ကလေးပေါ်၍

mgyoe.com

mgyoe.com


လာပြန်လေ၏။ ပထမ လမ်းခုလတ်မှာ မှောင်သောအမှောင်သည် ဝါးရုံပင်များ၏ အရိပ်ကြောင့် ဖြစ်လေ၏။ ထိုအရိပ်လွန်သောအခါ ၎င်းအရိပ်မရောက်ဘဲ တောင်ဘက်မှာ ထောင့်တန်းရိုက်၍ ဆင်းသောနေရောင်ကြောင့် အောက်ပိုင်း၌ အတော်ပင်လင်း၍နေရာ ကျောက်ဆောင်များပေါ်၌ ညင်သာစွာ စီး၍နေသော သေးငယ်သည့် ရေကြောင်းကို မြင်ရလေ၏။

ကျောက်ဆောင်များမှာ ရေများသည့်အခါ၌ မြုပ်၍နေကြဟန် ရှိလေ၏။ ယခုမှာကား ရေနည်းသော လရာသီဖြစ်သဖြင့် ကျောက်ဆောင်များမမြုပ်။ ချောပြောင်သွေ့ခြောက်လျက် ချောင်ကြိုချောင်ကြားမှ ကြည်လင်သော ရေကလေးများ တီးတိုးစကားပြောသလို စီး၍နေလေသည်ကို မြင်ကြရလေ၏။

နန်းဖောသည်ကား လူနှစ်ယောက်၏ ပျက်စီးသော အလောင်းများအကြွင်းအကျန်ဖြစ်သည့် အရိုးစုများကို တွေ့ရလေမလားဟု တွေးတောကြောက်ရွံ့လေ၏။

သို့သော်လည်း တစ်စုံတစ်ရာကိုမျှ မတွေ့ရ၊ လွန်စွာ ရိပ်ငြိမ်လျက်သန့်ရှင်းသောသဲများ ကျောက်များနှင့် ရေညှိများကိုသာ တွေ့ကြရလေ၏။

နန်းဖောသည် စာ၌ ဖတ်ရှုမှတ်သား၍ထားသည့်အတိုင်း ရှာဖွေရာကျောက်တုံးကြီးတစ်တုံးကို တွေ့ရလေ၏။

ထိုကျောက်တုံးကြီး၏ အောက်မှ ရေများစီးထွက်၍ နေလေ၏။ ၎င်းကျောက်တုံးကြီးမှာ အတော်ကြီးသဖြင့် ကုန်းလှုပ်၍ မရနိုင်အောင် လေးလေ၏။

စာထဲမှာပါတဲ့ကျောက်ဟာ ဒီကျောက်ပဲဟု နန်းဖောသည် အသေအချာသိသဖြင့် ပုတ်ကလေးကိုခေါ်ပြီး နှစ်ယောက်သား တအားတွန်းကြလေရာအောက်ဘက်မလျှော၊ ရေကိုဆန်၍နေသော ဆင်ခြေလျှောနေရာ၌ သက်

mgyoe.com

mgyoe.com



လျှောချ၍ကျလေရာ၊ ၎င်းကျောက်ခဲ၏နေရာ၌ ရေများသည် ဆူပွက်လျှံတက်၍ နေသည်ကို မြင်ရလေ၏။

ထိုရေထဲမှာ အန္တရာယ်ပြုနိုင်သော သတ္တဝါဟူ၍ တစ်စုံတစ်ရာရှိမည်မဟုတ်။ ဤလို ရေရှင်ထဲ၌ ငါးမှတစ်ပါး အခြားဆိုးရွားသော သတ္တဝါရှိမည်မဟုတ်ဟု စိတ်ချလက်ချ သိရသဖြင့် လက်နှင့်နှိုက်ရာ အေးသဖြင့် လက်မောင်းတစ်လျှောက်လုံးမှာ ကျဉ်၍တက်လေ၏။

တွင်းထဲ၌ သဲများ ကျောက်စရစ်များကို တွေ့ရလေ၏။ ထိုသဲများ ကျောက်စရစ်များ၏ အောက်ကို တစ်ထွာလောက်တိုး၍ နှိုက်သောအခါ ငွေဒင်္ဂါးများကို တွေ့ရလေ၏။

ပုတ်ကလေးမှာ နန်းဖော၏လက်၌ ဖြူဝင်းသော ဒင်္ဂါးများကို မြင်ရသောအခါ မျက်လုံးများ ဝင်းဝင်းတောက်လျက် ကြက်သေ သေ၍နေလေ၏။

နှစ်ယောက်သား ယူနိုင်သမျှ နှိုက်၏ယူကြရာ ယူ၍ကုန်နိုင်ဖွယ်ရာမရှိအောင် များပြားသည်ကို သိရသဖြင့် ယူပြီးသော ငွေအမြောက်အမြားကို အကုန်ပြန်၍ ထည့်ကြပြီး တစ်ကိုယ်လျှင် ငါးဆယ်စီမျှသာယူ၍ တွင်း၌ကျောက်များ သဲများကို ပြန်၍ထည့်လေ၏။ ထို့နောက် ကျောက်တုံးကြီးကို ပြန်၍တွန်းကြပြီး ထိုကျောက်တွင်းပေါ်သို့ ရောက်အောင်ပို့ကြလေ၏။

နန်းဖောက ပုတ်ကလေးအား...

"ညည်း အခုနေရာကိုသိပြီ...၊ ငါမသိဘဲ ညည်းတစ်ယောက်တည်း ဘယ်တော့မှ မလာရဘူး၊ ငါပေးမှယူရမယ်။ ဒါ ငါပစ္စည်း မည်သူ့ကိုမျှ မပြောနဲ့၊ ညည်းတစ်သက် ငါတစ်သက် ချမ်းသာစေမယ်..."

ဟုပြောပြီး တစ်ဖန် ကတိသစ္စာတည်ပါမည့်အကြောင်း သစ္စာဆိုစေ၍ ရေကို တိုက်ပြန်လေ၏။

ထို့နောက် ပြန်၍သွားကြလေ၏။

❒

mgyoe.com

mgyoe.com

## အခန်း (၈)

နောက် ရက်လများမကြာမီ နန်းဖောမှာ မင်းဒင်ကို ရှာဖွေရန်သွားရာ၌ ကွဲ၍နေသော ဦးကြီးဖြစ်သူ သူဌေးတစ်ယောက်ထံမှ အမွေရခဲ့သည် ဟူသော သတင်းသည်ရွာ၌ နံ့၍နေလေ၏။

ပုတ်ကလေး၏ မိဘများကလည်း ပုတ်ကလေးကို နန်းဖောနှင့်နေဖို့ရန် အခွင့်ပေး ထားလေ၏။ ချမ်းချမ်းသာသာ ထင်သလိုသုံးစား၍ နေရသော နေရာ၌ မည်သည့်မိဘသည် အခွင့်မပေးဘဲ ရှိပါမည်နည်း။

နန်းဖောသည် ရွာ၌ရှိသော မိခင်၏အိမ်ကိုဖျက်၍ အသစ်ဆောက်၏။ တောင်ပေါ်၌ ဘုရားတစ်ဆူကိုတည်၍ ဇရပ်တစ်ဆောင် ဆောက်၏။ ပုတ်ကလေးနှင့် နန်းဖောမှာ မခွဲမခွာ ထိုဇရပ်မှာသာ အနေများ၏။

နန်းဖောသည် မင်းဒင်၏ ကျေးဇူးကြောင့် ချမ်းသာလျက် တစ်ရွာလုံးက ဂရုစိုက်ကြ၏။ စိတ်မှာကား ပျော်သည်ဟုမရှိ၊ တစ်နေ့နေ့တွေ့ရပါမည်လား။ ဥစ္စာစောင့်ဖြစ်၍ ဘဝမကူးသေးလျှင် မြင်ရဦးမှာပေါ့။ တစ်ခါတစ်ခါ မင်းဒင်မရှိဟု အောက်မေ့၏။ တစ်ခါခါတော့ ရှိပါသေးသည်ဟု ထင်၏။ ကိုမင်းဒင် မသေနိုင်ပါဟု တွက်၏။

mgyoe.com

mgyoe.com



သို့ဖြစ်သောကြောင့် စမ်းချောင်းမှမခွာ၊ ဝေးသောအရပ်သို့ မပြောင်း၊ ဤတောတောင် အရပ်မှာသာနေရှာ၏။

ယခုအခါ ပိုမိုကြွယ်ဝသဖြင့် ဘုရားအမ ဇရပ်အမဟု အခေါ်ခံရလျက် မြို့မှ အသိမိတ်ဆွေများလည်း မြောက်များစွာ ရောက်ခဲ့၏။ ပင်ကိုက လှပသောရုပ်သည် ငြိမ်းအေးစွာ နေရသောအခါ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

သို့ဖြစ်ရာ ဤတောတောင်အရပ်သို့ နန်းဖောဇာ၏ဘုရားကို ဖူးမြော်ရန် ရမယ်ရှာ၍ အရပ်ရပ် ဂုဏ်သရေရှိ ယောက်ျားစာရေးစာချီ မြို့အုပ်မှစ၍ ရောက်ခဲ့ကြလျက် နန်းဖောဇရပ်မှာ တည်းခို၍ ဘုရားဖူးရင်း လိပ်ဥလည်း တူးဟူသော စကားကဲ့သို့ ကြံစည်ကြ၏။

ပုတ်ကလေးမှာ ထက်မြက်၍ သွက်လက်ဖျတ်လတ်သောသူဖြစ်ရာ နန်းဖောအတွက် သက်တော်စောင့် ကိုယ်ရံတော် ဖြစ်နေ၏။

အချို့သောသူများက နန်းဖောအား ဤကဲ့သို့ တောတောင်၌ မိမိကိုယ်ကို တိမ်မြုပ်အောင်လုပ်၍ နေဖို့မသင့်၊ မြို့ကြီးရွာကြီးမှာ ထင်ပေါ်ကျော်ကြားအောင်နေဖို့ရန် တိုက်တွန်းကြ၏။

နန်းဖောမှာကား သွေးဆောင်ရာသို့မပါ တစ်နေ့ ကိုမင်းဒင် ပေါ်လာလိမ့်မည်ဟူသော မျှော်လင့်စိတ်နှင့် ထိုအရပ်၌ ရွာမှာတစ်ခါ တောင်ပေါ်မှာ တစ်ကြိမ်နေ၏။ သူကြီးကလည်း လူသူမစော်ကားရအောင် စောင့်ရှောက်၏။

နန်းဖောမှာ မထင်ရှားသော ရှမ်းတောင်သူအဖြစ်မှ စည်းစိမ်တည်းဟူသော အရောင်အဝါကြောင့် ကိုယ်အလှအပမှာ ကျက်သရေတစ်မျိုးတိုးလျက် အဖိုးထိုက်သော ကျောက်မျက်ရတနာမှာ ရွှေပေါ်၌သာ သာလွန်ထင်ရှားသလိုဖြစ်၍နေ၏။ သူ၏ သတင်းသည် အမြို့မြို့အရပ်ရပ်သို့ ပျံ့စပြု၏။ မင်းဒင်နှင့် ရရှိခဲ့သော သန္ဓေပျက်ခဲ့ကြောင်းကို မည်သူမျှမသိသဖြင့် 'အပျို'ဟု မှတ်ထင်ကြ၏။

mgyoe.com